# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၆၃)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ အင်္ဂါနေ့။


ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။

(ယမကဝဂ် ဓမ္မပဒ)

# နိုင်ငံရေးပဋိပက္ခများကို အမျိုးသားရေးအင်အားစုများအချင်းချင်း နားလည်မှုရှိရှိ လက်တွဲဖြေရှင်း

**နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**
**(၂-၁၂-၂၀၁၄)**

**လတ်တလောဖြေရှင်းရမယ့် ကိစ္စများကို လျစ်လျူရှုခြင်းမရှိဖို့နဲ့ ရေရှည်လုပ်ငန်းစဉ်များ အသက်ဝင်ရှင်သန်နေရေးကိုလည်း မျက်ခြည်မပြတ်စေဖို့ ကြိုးပမ်းဆောင်ရွက်**

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်း ဖြစ်ပါတယ်။

ဒီလမှာ ကျွန်တော်အထူးပြုပြောကြားလိုတဲ့ကိစ္စကတော့ လက်ရှိကျွန်တော်တို့နိုင်ငံမှာ ဖြစ်ထွန်းနေတဲ့ နိုင်ငံရေးဖြစ်စဉ်ကို ချဉ်းကပ်တဲ့အခါ ဒီဖြစ်စဉ်ဟာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဖြစ်ထွန်းရေးနဲ့ ထိုဖြစ်စဉ်များ ဆက်လက်ရှင်သန်ရေးဆိုတဲ့ကိစ္စတွေ အောင်မြင်ဖို့ ကြိုးပမ်းဆောင်ရွက်နေရတဲ့ ဖြစ်စဉ်လို့ရှုမြင်စေလိုတဲ့ အကြောင်းပဲဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေး ပဋိပက္ခများကို မိမိဘက်၊ အခြားဘက်ဆိုတဲ့ ဘက်နှစ်ဖက်ချဉ်းကပ်မှုမျိုးနဲ့ ဖြေရှင်းဖို့ကြိုးပမ်းခြင်းမျိုးထက်ကျော်လွန်တဲ့ အမျိုးသားရေးအင်အားစုများ အချင်းချင်း နားလည်မှုရှိရှိနဲ့လက်တွဲဖြေရှင်းဖို့ ကြိုးပမ်းစေလိုခြင်းပဲဖြစ်ပါတယ်။ နိုင်ငံရေးအင်အားစုများအနေနဲ့

*စာမျက်နှာ ၃ ကော်လံ ၁*

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံဟာရယ်ဘုရင်အား ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံသို့ရောက်ရှိနေသော နော်ဝေနိုင်ငံ ဟာရယ်ဘုရင်အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံဟာရယ်ဘုရင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူကြသည်။

ထို့နောက် နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြရာ နော်ဝေနိုင်ငံဘုရင်ကလည်း ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား နော်ဝေနိုင်ငံဘုရင်က အတူလိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ ဦးသန်းဌေး၊ သံအမတ်ကြီး ဦးကျော်စွာမင်းတို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် နော်ဝေနိုင်ငံဘုရင်နှင့်မိဖုရားတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁*






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြေသယံဇာတ အကျိုးရှိစွာအသုံးချ

စိုက်ပျိုးရေးလုပ်ကိုင်ရန် လယ်ယာမြေဖြစ်စေ၊ အိုးအိမ်ဆောက်လုပ်ရန် အိမ်ရာမြေဖြစ်စေ မည်သည့်မြေမဆို အဖိုးအနဂ္ဃ ထိုက်တန်ကြောင်း ရှေးရှေးပညာရှိတို့က ဆိုကြသည်။ ကာလဒေသအားဖြင့် နေထိုင်ရာမြေနှင့် လယ်ယာမြေကိုသာ တန်ဖိုးသတ်မှတ်ပြောဆိုနေကြသော်လည်း အမှန်စင်စစ် မြေသယံဇာတအားလုံးသည် တန်ဖိုး အလွန်ကြီးမားလှပေ၏။ သတ္တလောက မြင်မြင်သမျှအရာအားလုံးတို့သည် ဤကမ္ဘာမြေမှ ပေးစွမ်းနေခြင်းကပင် မြေသည် လူသားတို့အတွက် အဖိုးမဖြတ်နိုင် သောအရာပင်ဖြစ်၏။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ တောင်သူများလက်ဝယ်သို့ လုပ်ကွက်ပေါင်း ၈ ဒသမ ၈၀သန်း လုပ်ပိုင်ခွင့် လက်မှတ်များထုတ်ပေးခဲ့ပြီဖြစ်ပါသည်။ ယင်းမှာ ဧရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၇၆ ဧရာခိုင်နှုန်းဖြစ်သည်။ သွားလာရန်ခက်ခဲသောဒေသများနှင့် လယ်ယာမြေအငြင်းပွားမှုဖြစ်ပွားနေသော လယ်ယာမြေများသာ လုပ်ပိုင်ခွင့်ထုတ်ပေးရန် ကျန်ရှိတော့ကြောင်း သိရသည်။

ဤသို့ လယ်ယာမြေလုပ်ပိုင်ခွင့် ထုတ်ပေးခြင်းကပင် တောင်သူများအတွက် လယ်ယာမြေများကို အကျိုးရှိစွာအသုံးချခွင့်ရရှိခြင်းဖြစ်ပါသည်။ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူများအနေဖြင့် အရင်းအနှီးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး၊ ပေါင်နှံခွင့်ဘဏ်များ သတ်မှတ်နိုင်ရေးအတွက်လည်း ဆွေးနွေး လျက်ရှိပါသည်။ ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် လယ်ယာမြေများကို ပေါင်နှံခွင့်သာရှိပြီး ရောင်းချခွင့်မရှိဟု ဆိုခြင်းဖြစ်ပါသည်။ သို့သော်လည်း မြို့နှင့်နီးသော လယ်ယာမြေအချို့အား လူနေထိုင်ရန် မြေအဖြစ်ရောင်းချလျက်ရှိသည်ကို နေရာအများအပြား တွေ့မြင်ရပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းမှာ ဥပဒေနှင့် ကိုက်ညီလိမ့်မည်မဟုတ်ပါ။ စိုက်ပျိုးလယ်ယာမြေသည် စိုက်ပျိုးရန်အတွက်သာ ဖြစ်သင့်ပါသည်။

ယခုအခါ တောင်သူတို့အား တစ်ချိန်ကအကြောင်းအမျိုးမျိုးတို့ကြောင့် သိမ်းဆည်းထားသည့် လယ်ယာမြေများကိုပင် ပြန်လည်စွန့်လွှတ်၍ ဥပဒေနှင့်အညီ လွှဲပြောင်းပေးလျက်ရှိပါသည်။ လုံးဝမျှော်လင့်မထားသော လယ်ယာမြေများ ပြန်လည်လုပ်ကိုင်ခွင့် ရရှိနေကြပြီဖြစ်ပါသည်။ ဤသို့ လယ်ယာမြေများ ပြန်လည်စွန့်လွှတ်ပေးခြင်းကပင် ကျေးလက်နေပြည်သူများ၏ လူမှုဘဝကို မြှင့်တင်ပေးပြီး စိုက်ပျိုးမြေများတိုးပွားကာ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဤသို့ လယ်ယာမြေများကို တောင်သူများထံ လုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခြင်း၊ စွန့်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေးခြင်းတို့နှင့် တစ်ပြိုင်နက် တစ်ဖက်တွင်လည်း လယ်ယာမြေကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုများ၊ စိုက်ပျိုးမွေးမြူရေးထုတ်လုပ်မှုများ တိုးတက်လာရမည်ဖြစ်ပါသည်။ လယ်ယာမြေများကို အကျိုးရှိစွာ အသုံးချစိုက်ပျိုးထုတ်လုပ်လာနိုင်သည်နှင့်အမျှ တောင်သူလယ်သမားများ၏ မိသားစုများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ သို့ပါ၍ မြေသယံဇာတများကို တလွဲမဖြစ်စေဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ အသုံးပြုသင့်ပါကြောင်း။ ။

**ပြည်တွင်းသတင်းနှင့်ဆောင်းပါး**

# အလုပ်လုပ်နိုင်သူတိုင်း အလုပ်ရရှိရန်နှင့် သင့်တော်ကောင်းမွန်သည့် အလုပ်ရရေးဆောင်ရွက်နေ

**မကွေး ဒီဇင်ဘာ ၁**

မကွေးမြို့ မြို့တော်ခန်းမ၌ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဦးဆောင်ကျင်းပသည့် မြန်မာ့အလုပ်အကိုင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်က ယနေ့ကမ္ဘာကြီးတွင် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကိစ္စသည် အဓိကအခန်းကဏ္ဍက ပါဝင်နေသည့်အတွက် နိုင်ငံတော် အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှု လျှော့ချနိုင်ရေးတို့အတွက် အလုပ်လုပ်နိုင်သူတိုင်း အလုပ်အကိုင်ရရှိရန်နှင့် ၎င်းတို့အတွက် သင့်တော်ကောင်းမွန်သည့် အလုပ်ရရှိရေးကိစ္စရပ်များကို အဓိကထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပပေးရခြင်းဖြင့် ပြည်တွင်းရှိ အလုပ်အကိုင်ရှာဖွေနေသော လူငယ်/လူရွယ်များအတွက် ပြည်တွင်း/ပြည်ပ လစ်လပ်နေသော လုပ်ငန်းနေရာများတွင် မိမိတို့နှင့် အံဝင်ခွင်ကျဖြစ်မည့် အလုပ်အကိုင်များ ရရှိစေရန်၊ အချိန်ကုန်၊ ငွေကုန် သက်သာစွာနှင့် တစ်နေရာတည်းတွင် One Stop Service အနေဖြင့် ကုမ္ပဏီများနှင့် တွေ့ဆုံ အင်တာဗျူးပြုလုပ်ပေးကာ အလုပ်အကိုင်များရရှိစေရန် ကျင်းပပေးခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို နိုဝင်ဘာ ၂၉ ရက်မှ ၃၀ အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်တွင်း ပြည်ပကုမ္ပဏီ ၂၂ခု မှ ပြခန်းပေါင်း ၂၂ ခန်းပြထားပြီး ယနေ့အထိ အလုပ်လာရောက်လျှောက်ထားသူ ၇၀၀ ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကင်ဆာရောဂါဆိုင်ရာဟောပြောအခမဲ့ဆေးဝါးကုသပေး



**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းမကြီး အောင်ဇေယျမြို့တော် နဝရတ်တိုက်ခန်း အောင်ဇေယျမြို့တော် လူရည်ချွန်ကုသိုလ်ဖြစ် (အခမဲ့) အထူးကုဆေးခန်းရှိ ညှော်ခန်းမတွင် နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့နှင့် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် ကင်ဆာရောဂါဆိုင်ရာ ဟောပြောခြင်းနှင့် အခမဲ့စမ်းသပ် စစ်ဆေးခြင်းအခမ်းအနားကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် လူရည်ချွန် (၁၉၆၄-၈၈) ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် လူရည်ချွန် (၁၉၆၄-၈၈) အဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ညွန့်ယဉ်ဝင်း (ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်လောင်း)က အခြေခံလူတန်းစားအများဆုံးနေထိုင်သည့် အဆိုပါမြို့နယ်အတွင်းမှ မိသားစုဝင်တို့၏ ကျန်းမာရေးမှအစ လူမှုဘဝမြင့်မားရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ယဉ်ယဉ်ထွန်း ဦးဆောင်သောအဖွဲ့မှ ဆရာဝန်ကြီးများက ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် သွားခံတွင်း၊ အသည်းရောင်အသားဝါဆိုင်ရာ ကဏ္ဍအလိုက် ဆေးစစ်ကုသမှုများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မူးယစ်ဆေးဝါးအန္တရာယ် ဟောပြောပွဲကျင်းပ

**မိုးမောက် ဒီဇင်ဘာ ၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ အောင်ဇေယျာရပ်ကွက် နှစ်ခြင်းဘုရားရှိခိုးကျောင်း စစ်ဘေးရှောင်စခန်းတွင် နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးဟောပြောပွဲကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် လွယ်ဂျယ်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ဖော်လေးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဆိုးကျိုးများနှင့် ပြစ်မှု/ပြစ်ဒဏ်များအကြောင်း ဟောပြော ခြင်း၊ ကချင်ယဉ်ကျေးမှု (လွယ်ဂျယ်)ဥက္ကဋ္ဌ ဦးလှမြိုင်၊ စိန်လုံစစ်ဘေးရှောင်စခန်းမှ ဓမ္မဆရာ ဦးနော်ဆန်း၊ သင်းအုပ်ဆရာ ဦးတူးဂျာတို့က မူးယစ်ဆေးဝါးအန္တရာယ်များကို တားဆီးကာကွယ်ရန် ကချင်ဘာသာဖြင့် ဟောပြောရာ တာဝန်ရှိသူများနှင့် ဝိန်းခမ်း၊ ထန်းညှ၊ ကောင်နန်၊ ဆိုင်းဂျာကျေးရွာတို့မှ ခေတ္တနယ်မြေတိမ်းရှောင်နေထိုင်သူ မိသားစုအမျိုးသား အမျိုးသမီး ၃၀၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရင်ငြိမ်းပန်း(လွယ်ဂျယ်)





အင်တာနက်ဂျာနယ်
INTERNET journal
အတွဲ (၁၅)၊ အမှတ် (၄၇)



လာမည့်နှစ်တွင် iPhone 5C ထုတ်လုပ်မှု ရပ်ဆိုင်းသွားမည်ဟုဆို

iPhone 5C စမတ်ဖုန်းများထုတ်လုပ်မှုအား မည်သည့်ရည်ရွယ်ချက်ဖြင့် ရပ်ဆိုင်းသွားမည်ကိုမသိရှိရသေးသော်လည်း Apple သည် မော်ဒယ်ထုတ်ကုန်သစ်များထုတ်လုပ်ရန်ထုတ်ကုန်ဟောင်းများကို ဖျက်သိမ်းပစ်ဖွယ်ရှိသည်။

- MPT က e-top up ဝန်ဆောင်မှုကို စတင်ဆောင်ရွက်
- ပြည်တွင်း၊ ပြည်ပကုမ္ပဏီ သုံးခု၏ ဆက်သွယ်ရေးကွန်ရက်များ ယခုအချိန်ထိ တည်ငြိမ်မှု မရရှိသေးခြင်းကြောင့် မိုဘိုင်းဖုန်းအသုံးပြုသူများ အခက်တွေ့

အဖိုးတန်သော သတင်း၊ ဆောင်းပါးများနှင့် .....

တနင်္လာနေ့တိုင်း ထွက်ရှိပါပြီ

Marketing - 09 730 32928 | Subscription - 09 730 53320



LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0115)

လွင်မြင့်အောင် အမှတ်တံဆိပ်

မြင်းခွာရွက် လက်ဖက်ခြောက်



အကျိုးအာနိသင်

- အသားအရေတင်းရင်းလှပစေခြင်း၊
- အရေးအကြောင်းများလျော့ပါးစေခြင်း၊
- အနာကျက်မြန်စေခြင်း၊
- သွေးလည်ပတ်မှုအားကောင်းစေခြင်း၊
- သွေးကြောများကြံ့ခိုင်မှုကို ကူညီထိန်းသိမ်း ပေးခြင်း၊
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း၊
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း၊
- လန်းဆန်းခွန်အားဖြစ်စေခြင်း၊
- ဆီးရွှင်ခြင်း၊

မြင်းခွာရွက်အခြောက်၊ မြင်းခွာရွက်အဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ပြုလုပ်ထားပါသည်။

ISO 9001:2008 နှင့် GMP လက်မှတ်ရလွင်မြင့်အောင် အင်ဒတ်စထရီရယ်(လ်) ကုမ္ပဏီလီမိတက်

အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၄၈၈၇၄၊ ၀၁-၅၄၆၅၉၄ မှ ထုတ်လုပ်သည်။

အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များနှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

## ပြည်တွင်းသတင်း

✳ ***ရှေ့ဖုံးမှ***

မိမိတို့ရဲ့နိုင်ငံရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာမှာလည်း ဒီရှုထောင့်၊ ဒီရှုမြင်မှုကိုထည့်သွင်းစဉ်းစား ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

လက်ရှိကျွန်တော်တို့ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိနေတဲ့ နိုင်ငံရေးဖြစ်စဉ်များဟာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အသက်ဝင်ရှင်သန်ရေးအတွက် လိုအပ်တဲ့ဖြေလျှော့ပေးမှုတွေ၊ အသွင်ကူးပြောင်းရေး လုပ်ငန်းတွေနဲ့ ဒီမိုကရေစီကျင့်စဉ်များ အမြစ်တွယ်ရှင်သန်လာရေးတို့ကို တစ်ပြိုင်နက် အကောင်အထည်ဖော်ဆောင်ရွက်နေရခြင်းဖြစ်တဲ့အတွက် ကြီးမားတဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနေရတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းတဲ့အခါ လတ်တလောဖြေရှင်းရမယ့်ကိစ္စများကို လျစ်လျူရှုခြင်းမရှိဖို့နဲ့ ရေရှည်လုပ်ငန်းစဉ်များ အသက်ဝင်ရှင်သန်နေရေးကိုလည်း မျက်ခြည်မပြတ်စေဖို့ ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အသက်ဝင် ရှင်သန်ရေးအတွက် လိုအပ်တဲ့အခြေခံများကို တည်ဆောက်နေရတာဖြစ်တဲ့အတွက် ယနေ့ မြန်မာနိုင်ငံရဲ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဟာ တုံ့နှေးနေတယ်ဆိုတဲ့ အားမလိုအားမရပြောဆိုနေမှုများရှိနေခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ဒီပြုပြင်ပြောင်းလဲရေးဖြစ်စဉ် သက်ဝင်ရှင်သန်ရေးအတွက် မှန်ကန်တဲ့ စိတ်ရင်းစေတနာနဲ့ လက်တွေ့အရှိတရားတွေကိုအခြေခံတဲ့ ကြိုးပမ်းအားထုတ်မှုကို အစဉ်တစိုက်အာရုံစိုက်ဆောင်ရွက်လျက်ရှိတယ်လို့ ပြောကြားလိုပါတယ်။

နိုဝင်ဘာလအတွင်းမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အာဆီယံထိပ်သီးအစည်းအဝေးများကို အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပါတယ်။ အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံများက ခေါင်းဆောင်တွေသာမကဘဲ အိန္ဒိယ၊ တရုတ်၊ အမေရိကန်၊ ရုရှား၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ ဩစတြေးလျနိုင်ငံများရဲ့ ခေါင်းဆောင်များတက်ရောက်ခဲ့တဲ့ ဒီအစည်းအဝေးများဟာ ကျွန်တော်တို့နိုင်ငံသမိုင်းတစ်လျှောက် ကမ္ဘာ့နိုင်ငံအသီးသီးက ခေါင်းဆောင်တွေ အများအပြားစုဝေးတက်ရောက်တဲ့ အကြီးကျယ်ဆုံး အစည်းအဝေးကြီးလည်းဖြစ်ပါတယ်။ အခုလို ဂုဏ်ယူစရာကောင်းတဲ့ ဒီအစည်းအဝေးကြီးကို အောင်မြင်စွာလက်ခံကျင်းပနိုင်ခြင်းဟာ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို ဂုဏ်သိက္ခာရှိစွာ ပြန်လည်ဝင်ရောက်ရေးကြိုးပမ်းမှုရဲ့ အဓိကမိုင်တိုင်တစ်ခုဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒီထိပ်သီးအစည်းအဝေးကြီးကိုအကြောင်းပြုပြီး ကမ္ဘာ့ခေါင်းဆောင်များသာမက များစွာသောသံတမန်များ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းကြီးများနဲ့ နိုင်ငံတကာမီဒီယာတွေဟာ ကျွန်တော်တို့နိုင်ငံကို ရောက်ရှိလာကြပါတယ်။ ကျွန်တော်တို့နိုင်ငံအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အာရုံစူးစိုက်မှုဟာလည်း တိုးတက်လာနေပါတယ်။ ဒီကနေ့ အချိန်အခါမှာ နိုင်ငံတကာဆက်ဆံရေးမှာ ရန်သူမရှိဘဲ မိတ်ဆွေသာရှိတဲ့ နိုင်ငံရေးကို လက်ခံကျင့်သုံးနေပါတယ်။ ပြည်တွင်းမှာလည်း ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးအပေါ်မှာ အမြင်အမျိုးမျိုးရှိကြသည့်တိုင် တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်စေချင်ကြတဲ့စေတနာရှိကြပါတယ်။ အခု အာဆီယံထိပ်သီးအစည်းအဝေးကြီး လက်ခံကျင်းပနိုင်ခြင်းကနေ ကျွန်တော်တို့ရရှိလိုက်တဲ့ ဖြစ်ထွန်းမှုအားလုံးဟာ မတော်တဆနဲ့ ကြုံကြိုက်လို့ရရှိတာမဟုတ်ဘဲ ဒီလို နိုင်ငံတကာခင်မင်ရင်းနှီးရှိမှုတွေကို ပိုမိုခိုင်မာလာစေဖို့နဲ့ ပျက်ပြားသွားမယ့်ကိစ္စတွေကို ကာကွယ်နိုင်ဖို့ အလွန်အရေးကြီးပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အာဆီယံဒေသတွင်း စည်းလုံးညီညွတ်ရေးကို ရှေ့ဆက်တိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံလိုပဲ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသေးတဲ့ နိုင်ငံတွေအတွက် အထူးဂရုပြု ဆောင်ရွက်သွားဖို့လိုအပ်မယ်လို့ ယုံကြည်ပါတယ်။ အာဆီယံဒေသတွင်း စည်းလုံးညီညွတ်ရေးဟာ အဆင်းရဲဆုံးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံတွေအပါအဝင် အာဆီယံပြည်သူများအားလုံးရဲ့အကျိုးစီးပွားကို ဖြစ်ထွန်းစေမှာဖြစ်လို့ ဒီကိစ္စကို သေချာအောင် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်မှုနဲ့ပတ်သက်ပြီး အပစ်အခတ်ရပ်စဲရေး စာချုပ်မချုပ်နိုင်သေးမီမှာ တပ်အချင်းချင်းထိတွေ့မှုများ ဖြစ်ပွားနေတာရှိပေမယ့် ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ အရေးကြီးတဲ့အခြေခံတွေကိုရရှိထားပြီးဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ဖို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးက သဘောတူညီထားကြပြီး အဓိကအားဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (NCCT) တို့ ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် အရေးကြီးတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးသဘောတူညီချက်ကို ခိုင်မာစွာရရှိထားပြီးဖြစ်ပါတယ်။ ဒီလိုခိုင်မာတဲ့ အခြေခံတွေရရှိထားပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ခွဲထွက်ရေးကိစ္စနဲ့ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးစေမယ့်ကိစ္စတွေကလွဲလို့ အခြားကိစ္စရပ်များအားလုံးကို ဆွေးနွေးဖို့ သဘောတူညီချက်ရရှိထားပြီးဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေနဲ့ပတ်သက်ပြီး အမြင်သဘောထားမတူမှုတွေ၊ ကန့်ကွက်ဆန့်ကျင်မှုတွေရှိနေတာကို ကြားသိရပါတယ်။ လက်ရှိ ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းလိုက်တဲ့ အမျိုးသားပညာရေးဥပဒေကိုအခြေခံပြီး နည်းဥပဒေများနဲ့ ကဏ္ဍအလိုက် ဥပဒေများကို ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်ပြီး ရေးဆွဲပြုစုလျက်ရှိတယ်လို့ သိရပါတယ်။ ဒီလိုရေးဆွဲပြုစုတဲ့အခါမှာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနဲ့ စီမံခန့်ခွဲရေးဝန်ထမ်းများ ပါဝင်တဲ့ အစုအဖွဲ့မျိုးစုံ ပါဝင်ဆွေးနွေးနိုင်ဖို့လည်း စီမံဆောင်ရွက်လျက်ရှိတယ်ဆိုတာလည်း သိရပါတယ်။ ဒါကြောင့် နည်းဥပဒေများနဲ့ ကဏ္ဍအလိုက်ဥပဒေများ ထွက်ပေါ်ခြင်းမရှိသေးတဲ့ အခြေအနေမှာ လက်ရှိအမျိုးသားပညာရေးဥပဒေဟာ ရာနှုန်းပြည့် ပြီးပြည့်စုံပြီလို့ မဆိုနိုင်သေးတာကို ကျွန်တော့်အနေနဲ့ လက်ခံပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့ကြည့်မယ်ဆိုရင် ပညာရေးနဲ့ ပတ်သက်လို့ သင့်တင့်လျောက်ပတ်တဲ့ ကိုယ်စားပြုမှုများပါဝင်တဲ့ ဆွေးနွေးမှုတွေ၊ ဘက်စုံထောင့်စုံက စာရင်းဇယားတွေကိုအခြေခံပြီး လွှမ်းခြုံစဉ်းစားမှုတွေပါဝင်တဲ့ ပညာရေးဆိုင်ရာဥပဒေတစ်ခုကို ပထမဦးဆုံးအကြိမ် ရရှိလာခြင်းဖြစ်ပါတယ်။ ဒီလို ပါဝင်ဆွေးနွေးမှုတွေနဲ့ ဥပဒေတစ်ရပ်ရေးဆွဲနိုင်ခြင်းဟာ ကောင်းမွန်တဲ့ လက်တွေ့ကျတဲ့ ဖြစ်ထွန်းမှုကို ပြသတဲ့ ဖြစ်စဉ်တစ်ရပ်၊ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရှုမြင်နိုင်ပါတယ်။ ဒါကြောင့် ဒီဥပဒေနဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ အမြင်သဘောထားမတူညီမှုတွေ၊ နည်းဥပဒေနဲ့ဖြည့်စွက်ဆောင်ရွက်ရမယ့် ကိစ္စတွေအတွက် လက်တွေ့ကျတဲ့ အကျေအလည် ဆွေးနွေးညှိနှိုင်းမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ပိုမိုကျယ်ပြန့်စွာဆွေးနွေးပြီး လက်တွေ့ကျတဲ့သွင်းအားစုတွေ ပေါ်ထွက်လာဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ တက္ကသိုလ်များကို ညွှန်ကြားထားပြီးလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့လအတွင်းမှာ အမေရိကန်ဒေါ်လာ ဝယ်လိုအားများတဲ့အတွက် ဒေါ်လာဈေးတက်ပြီး ငွေလဲနှုန်းပြောင်းလဲမှုတွေ ကြီးမားစွာ ကြုံခဲ့ရပါတယ်။ တည်ငြိမ်တဲ့ ငွေလဲနှုန်းကသာလျှင် အာမခံချက်ရှိတဲ့၊ ယုံကြည်စိတ်ချရတဲ့ စီးပွားရေးဝန်းကျင်ကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ဒီအခြေအနေမှာ ဗဟိုဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးဘဏ်များနဲ့ချိတ်ဆက်ပြီး ငွေလဲနှုန်း ပုံမှန်အတိုင်းသွားဖို့ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ စတင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များထဲမှာ အုပ်ချုပ်ရေးပုံစံများ ပြောင်းလဲခြင်း၊ အင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲခြင်းတို့ကို လုပ်ဆောင်ခဲ့တဲ့ရလဒ်အဖြစ် ဗဟိုဘဏ်ဟာ သူ့ရဲ့အဖွဲ့အစည်းစွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ပြီး မှန်ကန်စွာဆောင်ရွက်နိုင်ခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ ဆိုလိုတဲ့သဘောကတော့ ဈေးကွက်ကမောက်ကမဖြစ်မယ့်အခြေအနေမျိုးတွေမှာ ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်ရမယ့်အဖွဲ့အစည်းတစ်ရပ်ရဲ့ စွမ်းဆောင်ရည်ကိုပြသနိုင်ခဲ့ပြီး ဒါဟာပြုပြင်ပြောင်းလဲမှုတစ်ခုကို မှန်ကန်စွာဆောင်ရွက်နိုင်ခြင်းရဲ့ ရလဒ်ကောင်းဖြစ်တယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

ဆက်သွယ်ရေးကဏ္ဍမှာဆိုရင်လည်း ကြီးမားစွာပြောင်းလဲမှုတွေလုပ်ခဲ့ပါတယ်။ အဓိကအားဖြင့်တော့ လွတ်လပ်စွာယှဉ်ပြိုင်ခွင့်ရှိတဲ့ ဈေးကွက်အခြေအနေကို ဖော်ဆောင်နိုင်ခဲ့ခြင်း၊ နိုင်ငံတကာဈေးကွက်များနဲ့ ပြန်လည်ချိတ်ဆက်နိုင်ခြင်း၊ ကြိုးနီစနစ်များလျှော့ချနိုင်ခြင်းကြောင့် ပြည်သူအများစုအနေနဲ့ ဆက်သွယ်ရေးအခြေခံတွေဖြစ်တဲ့ တယ်လီဖုန်းပြောဆိုမှုနဲ့ အင်တာနက်ဝန်ဆောင်မှုတွေကို ယခင်ကာလများကထက် များစွာသက်သာတဲ့ နှုန်းထားများနဲ့ လွယ်ကူစွာရယူသုံးစွဲနိုင်နေပြီဖြစ်ပါတယ်။ လက်ရှိအချိန်လို အခြေခံအဆောက်အအုံတွေ တည်ဆောက်ဆဲကာလမှာ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍဟာ နိုင်ငံတကာအဆင့်မီ မဖြစ်သေးသည့်တိုင် ဒေသတွင်းနိုင်ငံများက ပြည်သူတွေသုံးစွဲနေတဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုများရဲ့ အဆင့်အတန်းတွေကို မြန်မာပြည်သူတွေရယူသုံးစွဲနိုင်ပြီး မကြာမီကာလမှာ အဆင့်မီအောင် သုံးစွဲလို့ရမယ့်အခြေအနေများကို ဖန်တီးထားနိုင်ပြီဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုဝင်ဘာ ၂၆ ရက်နေ့မှာ နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံပြီး လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေများ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ အခြားဖြစ်ပေါ်တိုးတက်မှုများကိုဆွေးနွေးပြီး တက်ရောက်လာတဲ့ နိုင်ငံရေးခေါင်းဆောင်များရဲ့ အကြံဉာဏ်များကို ရယူခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့လက်ရှိနိုင်ငံရေးအခြေအနေအရ အဖွင့်မှာ ကျွန်တော်တို့ပြောကြားခဲ့တဲ့အတိုင်း စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်လက်ရှင်သန်ရေးနဲ့ အောင်မြင်မှုများရရှိရေးအတွက် စိန်ခေါ်မှုများစွာ ကျန်ရှိနေသေးတာကိုလည်း အရှိတရားအဖြစ်လက်ခံထားပါတယ်။ ဒီလိုလက်ခံထားပြီးတော့ ကြုံတွေ့လာမယ့်စိန်ခေါ်မှုတွေကို ဖြေရှင်းဆောင်ရွက်ရာမှာ အမျိုးသားရေးအင်အားစုများအားလုံးနဲ့လက်တွဲပြီး နည်းလမ်းများရှာဖွေပြီး အောင်မြင်အောင်လုပ်ဆောင်သွားဖို့ သန္နိဋ္ဌာန်ချထားကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေဖန်တီးနိုင်ဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေ။




နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း ပန်းပုကွင်းကျေးရွာ ငါးသိုင်းချောင်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်ညိမ်း လက်ခံယူစဉ်။ (မြန်မာ့အလင်း)

# လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၁**

မစ္စတာ ရောဘတ်လောအားအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လူဇင်ဘတ်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာရောဘတ်လောအာကို ၁၉၇၁ ခုနှစ်တွင် လူဇင်ဘတ်နိုင်ငံ လူဇင်ဘတ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၃ ခုနှစ်တွင် နိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေးပညာဝိဇ္ဇာဘွဲ့ကို ပြင်သစ်နိုင်ငံ လန်ကက်စတာတက္ကသိုလ်မှလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် အရှေ့ဥရောပဆိုင်ရာမဟာဘွဲ့ကို ပြင်သစ်နိုင်ငံ လန်ဒန်တက္ကသိုလ်မှလည်းကောင်း အသီးသီးရရှိခဲ့သည်။ မစ္စတာရောဘတ်လောအာသည် ၂၀၀၀ ပြည့်နှစ်တွင် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး လူဇင်ဘတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘရပ်ဆဲလ်မြို့နှင့် ဗီယင်နာမြို့တို့ရှိ လူဇင်ဘတ်သံရုံးတို့၌ ရာထူးအဆင့်ဆင့် ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် မစ္စတာရောဘတ်လောအာသည် ထိုင်းနိုင်ငံဆိုင်ရာ လူဇင်ဘတ် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှိသူ တစ်ဦးဖြစ်ပြီး သား၊ သမီး သုံးဦးရှိသည်။

**(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

**၁-၁၂-၂၀၁၄**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။



နိုင်ငံတကာသတင်း

# ပြန်ပေးဆွဲခံရသော ဗိုလ်ချုပ်ကြီးအား ကိုလံဘီယာသူပုန်များ ပြန်လွှတ်

**ဟာဗားနား ဒီဇင်ဘာ ၁**

လွန်ခဲ့သော သီတင်းနှစ်ပတ်က ပြန်ပေးဆွဲသွားခဲ့သော ဗိုလ်ချုပ်ကြီး တစ်ဦးနှင့် အခြားနှစ်ဦးအား ကိုလံဘီယာ ဖတ်သူပုန်များက ပြန်လွှတ်ပေးလိုက်သည်။

ဗိုလ်ချုပ်ကြီး ရူဘင်ဒါရီယိုအော်ဇာတေးနှင့် အခြားဖမ်းဆီးထားသူနှစ်ဦးအား နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ ဦးဆောင်မှုဖြင့် လူသားချင်းစာနာမှုဆိုင်ရာ မစ်ရှင်တစ်ခုသို့ လွှဲပြောင်းပေးလိုက်သည်ဟုဆိုသည်။

ယင်းတို့အား မိသားစုများနှင့်မတွေ့ဆုံမီ မက်ဒလင်းမြို့အနီး စစ်အခြေစိုက်စခန်းတစ်ခုသို့ ခေါ်ဆောင်သွားခဲ့သည်။ နိုဝင်ဘာ ၁၆ ရက်က ပြန်ပေးဆွဲခံရသော ဗိုလ်ချုပ်ကြီး အော်ဇာတေးက ကျူးဘားရှိ သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ရပ်ဆိုင်းရန်သမ္မတထံ တောင်းဆိုလိုက်သည်။

အဆိုပါ ဗိုလ်ချုပ်ကြီးအား လွှတ်ပေးလိုက်ခြင်းဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆက်လက်ပြုလုပ်ရန် အထောက်အကူဖြစ်စေကြောင်း သမ္မတ ဂျူအန်မာနူးဆန်တို့စ်က ပြောသည်။ သို့ရာတွင် အစိုးရနှင့် သူပုန်အဖွဲ့ ဆွေးနွေးပွဲပြန်စရန် ရက်မသတ်မှတ်ရသေးဟု ၎င်းကဆိုသည်။

နှစ်နှစ်အတွင်း အစိုးရနှင့် သူပုန် ငြိမ်းချမ်းရေးရရှိရန် မျှော်လင့်ထားသည်။ ဆယ်စုနှစ် ငါးခုအတွင်း လူပေါင်း ၂၂၀၀၀၀ ခန့် သေဆုံးခဲ့ရသည့် ပဋိပက္ခချုပ်ငြိမ်းရန် မျှော်လင့်ထားသည်။ ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ စေ့စပ်ညှိနှိုင်းရေးမှူးများက ဆွေးနွေးရန် ပြင်ဆင်လျက်ရှိသည်။

(ဘီဘီစီ)



ပြည်တွင်း ပဋိပက္ခဖြစ်ပွားခဲ့သော နှစ် ၅၀ အတွင်း ပထမဆုံး ပြန်ပေးဆွဲခံရသော ကိုလံဘီယာ ဗိုလ်ချုပ်ကြီး ရူဘင်ဒါရီယိုအော်ဇာတေး

# ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များ တောင်ကိုရီးယား၌ ကျင်းပမည်

**တိုကျို ဒီဇင်ဘာ ၁**

ဂျပန်၊ တရုတ်နှင့်တောင်ကိုရီးယား သုံးနိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးပွဲတော်များ ကို ၂၀၁၅ ခုနှစ်တွင် ဂျပန်နိုင်ငံ နီဂါတာ၊ တရုတ်နိုင်ငံ ချင်းတောက်၊ တောင်ကိုရီးယားနိုင်ငံ ချွန်ဂျူတို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အရှေ့အာရှ၏ ယဉ်ကျေးမှု မြို့တော်ဟုအမည်ရသော ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များကို အဆိုပါမြို့များတွင် ကျင်းပမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင်ကျင်းပသော ယဉ်ကျေးမှုဝန်ကြီးများ အစည်းအဝေးတွင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံယဉ်ကျေးမှုရေးရာဝန်ကြီး ဟာကူသန်ရှိမိုမူရာက "ကျွန်တော့်အနေနဲ့ ဒီသုံးနိုင်ငံရဲ့ရှိခဲ့တဲ့ပြဿနာတွေကို ယဉ်ကျေးမှုရဲ့စွမ်းအားနဲ့ဖြေရှင်းနိုင်ဖို့ ပိုမိုဆောင်ရွက်ချင်ပါတယ်"ဟု ပြောကြားခဲ့သည်။ ၎င်း၏ရည်ရွယ်ချက်မှာ တောင်ကိုရီးယားတွင် ၂၀၁၈ ခုနှစ်၌ ကျင်းပမည့် ဆောင်းရာသီ အိုလံပစ်ပွဲတော်နှင့် ဂျပန်နိုင်ငံတိုကျိုတွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် နွေရာသီ အိုလံပစ်အား ကစားပွဲတော်တို့၌ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များ တိုးမြှင့်လုပ်ဆောင်ရန်ဖြစ်သည်။ ယခုနှစ်တွင်စတင်ကျင်းပသော အရှေ့အာရှ ယဉ်ကျေးမှုမြို့တော်အစီအစဉ်ကို ဂျပန်နိုင်ငံယိုကိုဟားမား၊တရုတ်နိုင်ငံ ချင်းတောက်၊ တောင်ကိုရီးယားနိုင်ငံ ချွန်ဂျူတို့တွင် ပန်းချီ၊ တေးဂီတနှင့် အကပြိုင်ပွဲများဖြင့် ကျင်းပသွားရန် စီစဉ်ထားသည်။

(ကျိုဒို)

# လက်ရှိသမ္မတ စီစီလက်ထက်တွင် အီဂျစ်နိုင်ငံ အနာဂတ်တိုးတက်မည်လော

**ကိုင်ရို ဒီဇင်ဘာ ၁**

အီဂျစ်နိုင်ငံ၏ အနာဂတ်သည် လက်ရှိသမ္မတစီစီ လက်ထက်တွင် တိုးတက်ကောင်းမွန်သော အနာဂတ်ကိုပုံဖော်နိုင်မည်မဟုတ်ကြောင်း နိုင်ငံရေး အစီအစဉ်တင်ဆက်သူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ပရက်စ်တီဗွီက ရေးသားဖော်ပြခဲ့သည်။

ရာဂျာရက်ဟ်နာမ် နိုင်ငံတကာလေ့လာရေးကျောင်း၏ အကြီးတန်းအုပ်ချုပ်ရေးအဖွဲ့ဝင် ဂျိမ်းစ်ဒေါ်စီက ထိုင်းနိုင်ငံဗန်ကောက်ရှိ ပရက်စ်တီဗွီနှင့် အင်တာဗျူးရာတွင် အကယ်၍ အယ်လ်-စီစီက ၎င်း၏ဖိနှိပ်ချုပ်ချယ်သော မူဝါဒများကိုမစွန့်လွှတ်ဘဲ ဆုပ်ကိုင်ထားမည်ဆိုပါက အီဂျစ်နိုင်ငံ၏ အနာဂတ်အလားအလာမှာ တောက်ပမှုမရှိနိုင်ဟုပြောခဲ့သည်။ အစွလာမ္မစ် အတိုက်အခံတွေပဲဖြစ်ဖြစ်၊ အစွလာမ္မစ်မဟုတ်သော အတိုက်အခံတွေပဲဖြစ်ဖြစ် အတိုက်အခံအားလုံးကို ဖိနှိပ်နိုင်သော အခြေအနေတစ်ရပ်သည် လက်ရှိ အီဂျစ်သမ္မတစီစီတွင်ရှိကြောင်း ၎င်းက ထပ်လောင်းပြောခဲ့သည်။

လက်ရှိ အီဂျစ်အစိုးရ၏ အုပ်ချုပ်မှုသည် သက်ဦးဆံပိုင်ပုံစံသို့ ယိမ်းနေပြီး ဤစနစ်က ယခင်အီဂျစ်သမ္မတမူဘာရက်၏ အုပ်ချုပ်မှုထက် ပိုမိုဆိုးရွားနေကြောင်း ၎င်းက ထပ်မံပြောဆိုခဲ့သည်။

အီဂျစ်နိုင်ငံ၏ ၂၀၁၁ ဆူပူအုံကြွမှုသည် အပေါ်ယံ ရွေ့မှုန်ကြဲအဆင့်လောက်သာအောင်မြင်မှုရရှိပြီး သက်ဦးဆံပိုင်ပုံစံဖြင့် အုပ်ချုပ်နေမှုကို ပြောင်းလဲမှုမရှိနိုင်သေးဟု နိုင်ငံရေးကျွမ်းကျင်သူ ဒေါ်စီကသုံးသပ်သည်။

သက်တမ်းရှည်ကြာအုပ်ချုပ်မှုကို အဆုံးသတ်စေသည့် ၂၀၁၁ ခုနှစ် ဆူပူအုံကြွမှုတွင် ဆန္ဒပြသူများကို သတ်ခဲ့သည့်အမှုဖြင့် ပတ်သက်ပြီး ဖြုတ်ချခံ အီဂျစ်သမ္မတဟောင်း မူဘာရတ်ကို အီဂျစ်တရားရုံးက ပလပ်လိုက်ခြင်းသည် အီဂျစ်နိုင်ငံ၏ သက်ဦးဆံပိုင်ပုံစံဖြင့် အုပ်ချုပ်နေမှုကို အထင်အရှား သက်သေပြလိုက်ခြင်းပင်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူ ဒေါ်စီက သုံးသပ်ပြထားသည်။

အီဂျစ်နိုင်ငံ၏ ဒီမိုကရေစီနည်းအရ ရွေးချယ်တင်မြှောက်ခဲ့သော သမ္မတမိုဟာမက်မော်စီသည်လည်း တပ်မတော်၏ အုပ်ချုပ်ရေးပုံစံကို မတွန်းလှန်နိုင်သကဲ့သို့ တရားစီရင်ရေးမဏ္ဍိုင်ကိုလည်း ပြုပြင်ပြောင်းလဲရေး မလုပ်နိုင်ကြောင်း အီဂျစ်နိုင်ငံရေး လေ့လာစောင့်ကြည့်သူ ဒေါ်စီက ပြောထားသည်။

(ပရက်စ်တီဗွီ)



# အကြမ်းဖက်မှုများမြင့်တက်လာချိန် ကဘူးလ်ရဲချုပ်နုတ်ထွက်

**ကဘူးလ် ဒီဇင်ဘာ ၁**

လွန်ခဲ့သောနှစ်ပတ်က ကဘူးလ်မြို့၌ အာဖဂန်စစ်သွေးကြွများက နိုင်ငံခြားသားများအား တိုက်ခိုက်ခဲ့ပြီးနောက် ကဘူးလ်မြို့ရဲအရာရှိချုပ် ရာထူးမှ နုတ်ထွက်ခဲ့သည်။

ဗိုလ်ချုပ်ကြီး ဇာဟာဇာဟာသည် အကြောင်းပြချက်မရှိဘဲ နုတ်ထွက်သွားကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူကပြောသည်။ စနေနေ့က အမေရိကန်အခြေစိုက် လူမှုရေးအဖွဲ့အစည်းအသုံးပြုသော ဝန်းတစ်ခုကို တာလီဘန်တို့က တိုက်ခိုက်ခဲ့ရာ တောင်အာဖရိကလူမျိုး သုံးဦးသေဆုံးခဲ့သည်။

စက်တင်ဘာလတွင် အာဏာရလာသော သမ္မတအက်ရှ်ရပ်ဂါနီက ၁၀ စုနှစ်များကြာ ပဋိပက္ခကိုချုပ်ငြိမ်းစေပြီး ငြိမ်းချမ်းရေးဖော်ဆောင်ရန် သန္နိဋ္ဌာန်ချထားသည်။ လွန်ခဲ့သောနှစ်ပတ်က မြို့တော်ရှိ တာလီဘန်များ နိုင်ငံခြားသားများ၊ စစ်ဘက်နှင့်အရပ်သားများကို ပစ်မှတ်ထား၍တိုက်ခိုက်မှုများ အရှိန်မြင့်တင် ပြုလုပ်လာသည်။

(ဘီဘီစီ)

# ပူလစ်ဇာ ဆုပိုင်ရှင် အမေရိကန်နိုင်ငံသား ကဗျာဆရာကြီး မာ့ခ်စထရန်းကွယ်လွန်

**နယူးယောက် ဒီဇင်ဘာ ၁**

အမေရိကန်ပြည်ထောင်စု၏ အထင်ကရစာဆိုတော်ကြီး တစ်ဦးဖြစ်ပြီး ပူလစ်ဇာဆုရရှိထားသူ ကဗျာဆရာကြီး မာ့ခ်စထရန်းသည် အသက် ၈၀ အရွယ်တွင် ကွယ်လွန်သွားခဲ့ကြောင်း အမေရိကန်ကဗျာဆရာများအသင်းက သတင်းထုတ်ပြန်ခဲ့သည်။

စထရန်းသည် နယူးယောက်ရှိ ၎င်း၏သမီးဖြစ်သူအိမ်၌ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း Twitter တွင်ဖော်ပြထားသည်။ ၎င်းသည် အမေရိကန်ကဗျာဆရာများအသင်း၏ နာယကတာဝန်ကို ထမ်းဆောင်ခဲ့သူများအနက် တစ်ဦးဖြစ်သည်။ စထရန်းသည် ၎င်း၏ကဗျာပေါင်းချုပ်စာအုပ်ဖြစ်သည့် နှင်းမုန်တိုင်းစာအုပ်ဖြင့် ၁၉၉၉ ခုနှစ်က ပူလစ်ဇာဆုကိုရရှိခဲ့သည်။ ထို့အပြင် အခြားများစွာသော ဆုများကိုရရှိထားပြီး ၁၉၉၀-၉၁ ခုနှစ်အထိ နိုင်ငံတော်ကဗျာ စာဆိုတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မာ့ခ်စထရန်းသည် အယ်ဒီတာ၊ ဘာသာပြန်ဆရာ၊ စကားပြေရေးသူအဖြစ် လုပ်ဆောင်ခဲ့ကြောင်း ၎င်းသေဆုံးပြီးနောက်တွင် ကဗျာဖောင်ဒေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ၎င်းသည် ကနေဒါနိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်ပြီး အမေရိကန်နှင့် မက္ကဆီကို၌ ကြီးပြင်းခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မျက်လုံးတစ်ဖက်ဖွင့်ပြီးအိပ်ကြည့်စမ်းပါဟူသောအမည်ဖြင့် ပထမဆုံးစာအုပ်ကို ထုတ်ဝေခဲ့သည်။

စထရန်းသည် နယူးယောက်ရှိ ကိုလံဘီယာတက္ကသိုလ်အပါအဝင် ကောလိပ်များစွာ၌နှစ်ပေါင်းများစွာ စာသင်ကြားပေးခဲ့သူဖြစ်သည်။ **(ရိုက်တာ)**

# တရုတ်တွင်တွေ့ရသော ဂျပန်ဓာတုလက်နက်များ ဖျက်ဆီးတော့မည်

**ချန်ချွန်း ဒီဇင်ဘာ ၁**

ဒုတိယကမ္ဘာစစ်အပြီး တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ဂျပန်တို့ စွန့်ပစ်ခဲ့သော ဓာတုလက်နက်များကို တရုတ်နှင့်ဂျပန်တို့က တနင်္လာနေ့တွင် စတင်ဖျက်ဆီးတော့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဂျပန်တို့ တရုတ်နိုင်ငံကိုကျူးကျော်စဉ်အတွင်း ကျူးလွန်ခဲ့သောပြစ်မှုများအနက် ဓာတုလက်နက်များ စွန့်ပစ်ခဲ့ခြင်းသည်လည်း ပြစ်မှုတစ်ခုဖြစ်သည်။ ဒုတိယကမ္ဘာစစ်သည် ပြီးဆုံးသွားတာကြာပြီဖြစ်သော်လည်း ကြွင်းကျန်သော ဓာတုလက်နက်များက တရုတ်ပြည်သူများ၏ အသက်အန္တရာယ်ကို ဆက်လက် ခြိမ်းခြောက်လျက်ရှိသည်။

(ဆင်ဟွာ)

# ဟောင်ကောင်ရဲနှင့် ဆန္ဒပြသူများ အဓိကရုဏ်းဖြစ်ပွား

**ဟောင်ကောင် ဒီဇင်ဘာ ၁**

ဟောင်ကောင် ရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရရုံးများကို ဝိုင်းရန်ကြိုးစားနေသော ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ရာ နှစ်လကြာဆန္ဒပြမှုဖြစ်စဉ်အတွင်း အဆိုးရွားဆုံး အနေအထားအဖြစ် တွေ့ရသည်။

ဆန္ဒပြသူများက အက်ဒမီရယ်တီခရိုင်ရှိ သပိတ်စခန်းပတ်ဝန်းကျင်လမ်းများပေါ်၌ လက်နက်ကိုင်ထားသောရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့သည်။ ယင်းအဓိကရုဏ်းအတွင်း လူပေါင်း ၄၀ ကို ဖမ်းဆီးလိုက်ပြီး ရဲအရာရှိအချို့ ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ဆန္ဒပြသူများက ၂၀၁၇ ခုနှစ် ဟောင်ကောင်ခေါင်းဆောင်များ ရွေးချယ်ရာတွင် ပေကျင်း၏ ကြားဝင်ဆောင်ရွက်မှုမပါဘဲ ရွေးချယ်သွားရန် ဆန္ဒရှိနေကြသည်။ လွန်ခဲ့သော သီတင်းပတ်က ရဲအဖွဲ့က မောင်းကွတ်ခရိုင်ရှိ အဓိကသပိတ်စခန်းတစ်ခုကို ဖယ်ရှားရှင်းလင်းမှု ပြုလုပ်ခဲ့သည်။

ဆန္ဒပြ ခေါင်းဆောင်များက ဟောင်ကောင်အုပ်ချုပ်ရေးမှူးရုံး အပါအဝင် အစိုးရရုံးများကို ဝိုင်းထားရန် ဆော်ဩခဲ့ပြီးနောက် မငြိမ်မသက်မှုများ ဖြစ်ပွားလာသည်။

ဦးထုပ်များ၊ ထီးများ သယ်ဆောင်လာသော ဆန္ဒပြသူများက ရဲတပ်ဖွဲ့ဝင်များကို ပုလင်းများ၊ ထီးများ၊ ဦးထုပ်များဖြင့် ပစ်ခတ်မည့် အနေအထားကို တွေ့ရှိရသည်ဟု ဆိုသည်။ မိမိတို့ ဒီမိုကရေစီကိုလိုချင်ကြောင်း ဆန္ဒပြသူများက ကြွေးကြော်တောင်းဆိုခဲ့ကြသည်။

(ဘီဘီစီ)



 တွေ့ဆုံမေးမြန်းခန်းကဏ္ဍ

# ခရစ္စမတ်မတိုင်မီ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (မူကြမ်း) ဆွေးနွေးမှု ပြန်လည်စတင်နိုင်ရန် ညှိနှိုင်းမှုများပြုလုပ်

## ငြိမ်းချမ်းရေးဆွေးနွေးပွဲအစီအစဉ်၏ တွဲဖက်ဒါရိုက်တာ ဦးအောင်နိုင်ဦးနှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း- ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ-UPWC နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)တို့သည် ခရစ္စမတ်မတိုင်မီကာလအတွင်း ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် နှစ်ဖက်အကြား ညှိနှိုင်းမှုများကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ပြုလုပ်လျက်ရှိကြောင်း MPC မှ သိရသည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့၏ လတ်တလောဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးအစီအစဉ်များအကြောင်း သိရှိနိုင်ရန်အတွက် MPC မှ တွဲဖက်ဒါရိုက်တာ ဦးအောင်နိုင်ဦးအား မြန်မာ့သတင်းစဉ် (ပြည်တွင်း)က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး။ ။ အခု ချင်းမိုင်မှာ နိုဝင်ဘာ ၃၀ နဲ့ ဒီဇင်ဘာ ၁ ရက်နေ့မှာ NCCT နဲ့ဆွေးနွေးပွဲလုပ်နေတယ်လို့ ကြားသိရပါတယ်။ အဲဒါက ဘယ်အခြေအနေရှိပါသလဲ။**

ဖြေ။ ။ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၃ ရက်ကတည်းက ကျွန်တော်တို့ MPC က ချင်းမိုင်သွားပြီး ၂၉ ရက်ညကမှ အကုန်လုံးပြန်လာကြတာ။ အခြေအနေကောင်းပါတယ်။ ပြီးတော့ နောက်ထပ်တစ်ရက်၊ နှစ်ရက်နေရင် ထပ်သွားမယ်။ ဘာလို့လဲဆိုတော့ ပထမမှန်းထားတာက NCCT အစည်းအဝေးအမီ သွားမယ်ဆိုပြီးတော့ မှန်းထားတာ။ ဒါပေမယ့် NCCT အစည်းအဝေးက နောက်ကျသွားတယ်။ နောက်ကျရတဲ့ အကြောင်းရင်းက ထိုင်းနိုင်ငံ အစိုးရက ကျပ်ကျပ်တည်းတည်း ရှိလာပြီ။ သူ့နိုင်ငံထဲမှာ လက်နက်ကိုင် တိုင်းရင်းသားတွေကို အစည်းအဝေးလုပ်တာတွေ ဘာတွေကို ခွင့်မပြုချင်တော့ဘူး။ အဲ့ဒီလိုခွင့် မပြုတဲ့အခါကျတော့ သူတို့လုပ်နိုင်ဖို့အတွက် ဝန်ကြီးဦးအောင်မင်းတို့ကနေပြီးတော့ ထိုင်းနိုင်ငံကို တရားဝင်စာပေးပြီးတော့ ပြည်သူတွေကို ခွင့်ပြုပေးပါဆိုပြီး အကြောင်းကြားရတယ်။ စာပေးတာနဲ့ဘာနဲ့ဆိုတော့ ကြားမှာဗျူရိုကရေစီကရှိတော့ တစ်ရက်နှစ်ရက် နောက်ကျသွားတယ်။ အဲဒါအတွက် ဒီကနေပြီးတော့ တစ်ဖွဲ့လုံးနီးပါး သွားဆွေးနွေးကြမယ်။

**မေး။ ။ ပြီးခဲ့တဲ့လအတွင်း ပြည်တွင်းမှာ အငြင်းပွားစရာ ပဋိပက္ခအသေးလေးတွေ ဖြစ်ပွားခဲ့တယ်။ တစ်ချိန်တည်းမှာပဲ MPC မှာပြုလုပ်နေကျ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေကလည်း ကျင်းပဖို့ ကြန့်ကြာတယ်ပေါ့။ ဒီတော့ ငြိမ်းချမ်းရေး ဆောင်ရွက်နေမှုက နောက်ကို ပြန်ဆုတ်သွားမယ်၊ ဆွေးနွေးပွဲတွေ မလုပ်ဖြစ်တော့ဘူး ဆိုတဲ့ စကားသံတွေလည်း ထွက်ပေါ်နေတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ရော။**

ဖြေ။ ။ နံပါတ်(၁)ကတော့ ဘယ်သူကမှ ငြိမ်းချမ်းရေးကို တရားဝင် ကျောခိုင်းသွားတာမရှိသေးဘူး။ အားလုံးက ငြိမ်းချမ်းရေးကိုလုပ်မယ်။ မရရအောင်လုပ်မယ်။ လက်မှတ်ထိုးမယ် ပြောထားပြီးသားဖြစ်တယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေက အင်မတန်မှကို ရှုပ်ထွေးတယ်။ ဆွေးနွေးရမယ့်အဖွဲ့တွေကများတယ်။ ဒီတော့ အခက်အခဲတွေကရှိတယ်။ ခက်တာတွေ ဆွေးနွေးကြပြီဆိုရင် ဒီလိုမျိုးဖြစ်တတ်တာပဲ။

ကျွန်တော် နားလည်သလောက်ဆိုရင် အဓိကပြဿနာက ဖက်ဒရယ်တပ်မတော်ပြဿနာပေါ့။ ကျွန်တော်တို့နိုင်ငံမှာက ဖက်ဒရယ်စနစ်ကို တည်ဆောက်ဖို့ရှိတာကိုး။ ဖက်ဒရယ်စနစ်အောက်မှာ ဖြစ်လာနိုင်တာက ဖက်ဒရယ်စနစ်နဲ့ လိုက်လျောညီထွေရှိတဲ့ တပ်မတော် ဒါမှမဟုတ် တစ်ခုခုပေ့ါ။ ဒါပေမယ့် တိုင်းရင်းသားတွေဘက်ကလည်း စိုးရိမ်တဲ့ အချက်ရှိတဲ့အခါကျတော့ အစဉ်အတိုင်းဆိုရင် ဖက်ဒရယ်စနစ်ကို အရင်မဆွေးနွေးဘဲ တပ်ကိစ္စကို အရင်ပြောတာရှိတယ်။ အစဉ်အတိုင်း နောက်ဆုံးမှ ပြောရမယ့်ဟာကို အခုတည်းကလာပြီးတော့ ပြောတယ်။ ဒီအခါမှာနည်းနည်းလေး လိပ်ခဲတည်းလည်းဖြစ်ပြီး ဆွေးနွေးပွဲက နောက်ဆုတ်သွားတာပါ။ ဖက်ဒရယ်တပ်မတော်ဆိုတဲ့ကိစ္စကို ဘယ်သူမှလက်မခံဘူး။ ဒီနိုင်ငံမှာ ဖက်ဒရယ်တပ်မတော်ဆိုတာကို လုံးဝလက်မခံဘူး။ ဘာလို့လဲဆိုတော့ တပ်မတော်တစ်ခုပဲရှိရမယ်ဆိုတဲ့ကိစ္စ ဖြစ်နေတာကိုး။ ဖက်ဒရယ်တပ်မတော်ဆိုတာ အင်မတန်အန္တရာယ်ကြီးတဲ့ ကိစ္စဖြစ်တယ်။ အဓိပ္ပာယ်တွေကလည်း မရှင်းဘူး။ တိုင်းရင်းသားတွေကြားထဲမှာကိုက အဓိပ္ပာယ်က ခုနစ်မျိုး၊ ရှစ်မျိုး



**ဦးအောင်နိုင်ဦး**
**ငြိမ်းချမ်းရေးဆွေးနွေးပွဲအစီအစဉ် (တွဲဖက်ဒါရိုက်တာ)**
**မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန** (MPC)

လောက်ရှိတယ်။ ဒီကိစ္စက အခုချိန်မှာ လုံးဝဆွေးနွေးလို့ရတဲ့ကိစ္စမဟုတ်ဘူး။ နိုင်ငံရေးအရ သဘောတူညီမှုတွေလုပ်ပြီးမှ တိုင်းရင်းသား တပ်မတော်တွေကိစ္စကို ဘယ်လိုဖြေရှင်းမလဲဆိုတာကိုလုပ်ရမှာ။ အဓိကကတော့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးစာချုပ် (NCA)ကို မချုပ်ဆိုနိုင်တဲ့အတွက် ဒါတွေဖြစ်တာ။ ချုပ်ဆိုနိုင်တယ်ဆိုရင် ခုနက ပြောတဲ့စောင့်ကြည့်တာတို့၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဥပဒေတို့ ဒါတွေ အကုန်လုံးလာမှာ။ ဒါဆိုရင်ဖြေရှင်းရလွယ်တယ်။ ကျွန်တော်တို့ ပြန်ပြီးတော့ ဆွေးနွေးနေတာ အဓိကကျတဲ့ အချက်တွေက အကုန်လုံးရနေပြီ။ ဒီလောက်ကြီး ခက်တာမဟုတ်တော့ဘူး။

**မေး။ ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်ဖို့ နောက်ကျနေတော့ ဒီလထဲမှာရော UPWC နဲ့ NCCT တို့ရဲ့ ဆွေးနွေးပွဲတွေ ရန်ကုန်မှာ ပြန်လုပ်ဖို့ ရှိလား။**

ဖြေ။ ။ နိုင်ငံတော်သမ္မတကြီးက ဝန်ကြီးဦးအောင်မင်းကိုပေးတဲ့ ပေါ်လစီတွေနဲ့ ကျွန်တော်တို့ချင်းမိုင်မှာ အသွားအပြန်သွားပြီး ဆွေးနွေးနေတယ်။ အခြေအနေ ကောင်းပါတယ်။ ခရစ္စမတ်မတိုင်မီ UPWC နဲ့ NCCT တို့ ရန်ကုန်မြို့မှာ တရားဝင်ဆွေးနွေးနိုင်ဖို့ရက်ကို ညှိနေတယ်။ တော်တော်လေး ပြေလည်ပါတယ်။ ဒီခရစ္စမတ်မတိုင်မီ ရက်တစ်ရက်ကို လုပ်ဖို့ မှန်းထားတယ်။

**မေး။ ။ ၂၀၁၅ ခုနှစ်အတွင်းမှာ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ပေးမယ်လို့ ကတိပေးထားတာရှိတယ်။ အခုချိန်မှာ လက်ရှိအစိုးရ သက်တမ်းက အချိန်တစ်နှစ်ပဲ ကျန်တော့တယ်။ တစ်နှစ်အတွင်း ဖြစ်နိုင်ပါ့မလား။**

ဖြေ။ ။ ကျွန်တော်တို့ ညှိနှိုင်းဖို့ အဆင့်က ဘာမှမကျန်တော့ဘူး။ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို အနည်းငယ်ပဲ ကျန်တော့တယ်။ အဲဒါကို အခု ဒီဇင်ဘာမှာ ဆွေးနွေးတဲ့ပွဲမှာ ပြီးရင်ပြီး၊ မပြီးရင် ဇန်နဝါရီမှာ အပြီးသတ်နိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ အဲဒါပြီးရင်တော့ ကျွန်တော်တို့ စာချုပ်ချုပ်မယ့်ရက်ကို သတ်မှတ်ရုံပဲ။ စာချုပ်ချုပ်ပြီးပြီဆိုတာနဲ့ ရက်ပေါင်း ၉၀ အတွင်းမှာ နိုင်ငံရေးဆွေးနွေးပွဲကိုလုပ်ရမယ်။ ကျွန်တော်တို့အမြင်ကတော့ အခုလာမယ့် ဒီဇင်ဘာမှာ တော်တော်လေး ပြေပြေလည်လည် ဖြစ်လိမ့်မယ်ထင်တယ်။ အဲဒီလိုဖြစ်ရင် နိုင်ငံရေးဆွေးနွေးပွဲတွေကို သိပ်မကြာခင် ရှေ့နှစ်ဆန်းဖေဖော်ဝါရီ၊ မတ်လဆန်းမှာ စနိုင်မယ်လို့ ကျွန်တော်ထင်တယ်။ ရှေ့နှစ်ဆန်းနှစ်ရဲ့ ပထမခြောက်လအတွင်းမှာ စနိုင်မယ်လို့ မျှော်မှန်းတယ်။ ရမယ်လို့လည်း ယုံကြည်တယ်။

**မေး။ ။ MPC ရဲ့ လုပ်ငန်းစဉ်တွေထဲမှာ မိုင်းရှင်းလင်းရေးလည်း ပါတယ်လို့သိရတယ်။ အဲဒါနဲ့ပတ်သက်ပြီး ပြောပြနိုင်မလား။**

ဖြေ။ ။ မြေမြှုပ်မိုင်းရှင်းလင်းရေးကပါပါတယ်။ ဒါပေမယ့်ချက်ချင်း လုပ်ဖို့မလွယ်ဘူး။ ဒါကိုအခုပြင်ဆင်နေတယ်။ နိုင်ငံခြားက လုပ်ထားတဲ့ဟာတွေကို အတုယူပြီး မြန်မာလို ပြန်ရတာတွေရှိတယ်။ စကားလုံးတွေကို ကျွန်တော်တို့ဘက်ကရှင်းလင်းအောင်လုပ်နေရတယ်။ အင်္ဂလိပ်လိုရေးထားတာရှင်းပေမယ့် မြန်မာလိုပြန်ဆိုရာမှာ မကြုံဖူးတဲ့ အနေအထားမျိုးဖြစ်နေတော့ ရှုပ်ထွေးတာတွေရှိတယ်။ မိုင်းဆိုတဲ့ပြဿနာက အလွန်အန္တရာယ်ရှိတယ်။ နိုင်ငံရေးလည်း အလွန်ဆန်တယ်။ ဒါကြောင့်မို့လို့ သတိနဲ့ထားပြီးလုပ်မှရမယ်။ နိုင်ငံရေးအရ သဘောတူညီမှုတွေ အရင်ရအောင်လုပ်ဖို့လိုတယ်။ လက်နက်ဖြုတ်တဲ့ကိစ္စမှာပဲဖြစ်ဖြစ်၊ မိုင်းရှင်းတဲ့ကိစ္စပဲဖြစ်ဖြစ် ဒါတွေအားလုံးဟာ နိုင်ငံရေးအရ သဘောတူညီမှုရအောင် အရင်လုပ်ရတယ်။ နိုင်ငံရေးအရ သဘောတူညီပြီးတော့မှ လက်နက်ကိုင် တပ်ဖွဲ့တွေကို ဘယ်လိုလုပ်မှာလဲ။ လက်နက်ဖြုတ်တဲ့ကိစ္စကို ဘယ်လိုလုပ်မှာလဲ။ နောက်ပြီးတော့ မိုင်းရှင်းတဲ့ကိစ္စကို ဘယ်လိုလုပ်မှာလဲ။ မိုင်းရှင်းလင်းရေးက နည်းနည်းရှုပ်တယ်။ အစိုးရကတော့ ခွင့်ပြုထားပေမယ့် ဒီဟာကို လွှတ်တော်မှာဥပဒေပြုမှရမယ်။

**မေး။ ။ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးဖို့အတွက် ဘယ်လိုအရာတွေက အခက်အခဲဖြစ်စေတာလဲ။**

ဖြေ။ ။ တစ်ဖက်နဲ့ တစ်ဖက် တစ်ခါတစ်ခါကျတော့လည်း စိုးရိမ်မှုတွေရှိတယ်။ တချို့နေရာ ဒေသတွေမှာ ယုံကြည်မှုရှိထားတဲ့အတွက် ကြားကာလကိစ္စက အရေးမကြီးဘူး။ ဒါပေမယ့် သိတဲ့အတိုင်း KIO နဲ့ KNLA က အစိုးရနဲ့နှစ်ဖက် သဘောတူစာချုပ်ချုပ်ထားတာ မရှိတဲ့အတွက်ကြောင့် ပိုပြီးတော့ နည်းနည်းပါးပါး လုပ်ရခက်တယ်။ ကျွန်တော်တို့ရဲ့မူဝါဒက တစ်နိုင်ငံလုံး အားလုံးပါဝင်ရေးဖြစ်တယ်။ အားလုံးပါဝင်ရေး ဖြစ်တဲ့အတွက် မပြေလည်တဲ့လူကိုလည်း ချန်ထားလို့မရဘူး ဖြစ်နေတယ်။ ဒါကြောင့်မို့ တချို့နေရာလေးတွေမှာ မပြေလည်တာလေးတွေကို စောင့်ပြီးခေါ်ရတဲ့သဘော။ အဲဒီတော့တစ်ဖက်မှာ ပြန်ကြည့်ရင် ပုံစံမျိုးစုံရှိတယ်။ စိုးရိမ်မှုတွေလည်းရှိတယ်။ နိုင်ငံတစ်ခုတည်းမှာပဲ စနစ်ကနှစ်ခု သုံးခု ရှိလို့မရဘူး။ သို့သော်လည်းပဲ ဒါတွေကို အများဆုံးဆွေးနွေးဖြေရှင်းသွားလို့ရတယ်။ ဒီအပေါ်မှာပဲ ဘယ်လို ပူးပေါင်းဖြေရှင်းလို့ ရမလဲဆိုတဲ့ဟာပဲ။ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို ကြည့်မယ်ဆိုရင် ပူးပေါင်းဆောင်ရွက်မယ်ဆိုတာတွေ အများကြီးပါပါတယ်။ လက်တွေ့အခြေအနေက အနေအထားတစ်ခုကို မရောက်သေးဘူး။ ဆွေးနွေးဆဲကာလပဲဖြစ်သေးတဲ့အတွက် စိုးရိမ်မှုတွေ များနေတာပေ့ါ။ နှစ်ပေါင်း (၆၅)နှစ်လောက် တစ်ဖက်နဲ့တစ်ဖက် တိုက်ပြီးတော့ ဖြစ်လာတဲ့အခါမှာတော့ စိုးရိမ်ချက်က မဆန်းပါဘူး။ အားလုံးလည်းသိတယ်။ ပြောင်လည်း ပြောနေကြတာပဲ။

**မေး။ ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ပဲခူးမှာ တွေ့ဆုံခဲ့တာကို MPC အနေနဲ့ လိုက်ပါခဲ့တယ်လို့ သိရပါတယ်။ ဒီတော့ MPC နဲ့ အဓိကဘာတွေကို ဆွေးနွေးခဲ့ကြလဲ။**

ဖြေ။ ။ နော်ဝေနိုင်ငံဟာ မြန်မာပြည်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အစကတည်းကနေပြီးတော့ ပါဝင်ကူညီခဲ့တဲ့ နိုင်ငံပါ။ ခင်ဗျားတို့သိတဲ့အတိုင်းပဲ နော်ဝေဘုရင်လည်း မြန်မာနိုင်ငံကိုလာတယ်။ သူတို့ အကူညီပေးထားတဲ့ MPSI၊ နောက် ဒုက္ခသည် IDP ကိစ္စတွေကို အကူညီပေးဖို့ကိစ္စတွေမှာ လက်နက်ကိုင် တိုင်းရင်းသားတွေဖြစ်တဲ့ ကရင်တို့၊ မွန်တို့ အဲဒီဒေသထဲမှာ ရှိတဲ့ Stakeholders တွေနဲ့ လာတွေ့တာပါ။ နောက်ပြီးတော့MPSI လို့ခေါ်တဲ့ မြန်မာငြိမ်းချမ်းရေး

စာမျက်နှာ ၇ သို့

JUNE PHARMACEUTICAL LTD.
မင်းဝံတောင်
စပီရှုလိုင်းနား ဆေးသနပ်ခါး
www.junepharmaceuticals.com
► Ygn: + 95 9 730 12000, 730 13000, 730 14000
► Mdy: + 95 2 24490, 39985, 39725, 36122

ဆရာဌေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ် တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်သည် ဆရာများ ကိုယ်တိုင် လက်ကိုင်ထားသင်ပေးနေသည့် (ပ/ဒုတွဲ)စာအုပ်ဖြစ်၍ အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက်(၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဒီဇင်ဘာ (၃/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ် ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၅ တန်းမှ ၁၀တန်းထိ ငွေ ၃-လတန်းလက်ခံပြီ အိမ်လိုက်သင်သည်
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂိုးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
01-375970, 0951 72096, 0925 4541441

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-254151516, 09-43064181, 09-252424002
MDY 09-31406813, 09-91050973
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

MYANMAR BOOK CENTRE
(Supplying the World's Knowledge)
BOOK-BUFFET & CLEARANCE SALE!!
စာအုပ်ချစ်သူများအားလုံး စောင့်စားနေသော Myanmar Book Centre ၏ "Book-Buffet & Clearance Sale" ကို အောက်ပါအတိုင်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။
Amazing Prices
Book-Buffet
ဘူဖေးစားသကဲ့သို့ ကြိုက်နှစ်သက်ရာစာအုပ်ကို မိမိဝယ်ထားသောအိတ်အတွင်းတွင်အပြည့်ထည့်နိုင်ပါသည်။
ကျပ် (၁၀,၀၀၀) - အိတ်အရွယ် - ၁၂" X ၁၀" X ၃"
ကျပ် (၂၀,၀၀၀) - အိတ်အရွယ် - ၁၆" X ၁၀.၅" X ၃.၅"
စာအုပ်ပေါင်း ၅၀,၀၀၀ကျော်
Clearance Sale
ကြိုက်နှစ်သက်ရာစာအုပ်များကို တစ်အုပ်ချင်း Fixed Price ပုံစံဖြင့် ရွေးချယ်ဝယ်ယူနိုင်ပါသည်။
နေ့ရက် : ၆ . ၁၂ . ၂၀၁၄ (စနေနေ့) မှ ၈ . ၁၂ . ၂၀၁၄ (တနင်္လာနေ့) အထိ။
အချိန် : နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ။
နေရာ : အမှတ် (၅၅) အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
အထက်ဖော်ပြပါကာလအတွင်း: Myanmar Book Centre ဆိုင်ခွဲများအားလုံးရှိစာအုပ်များ အားလုံးကို Member များအား: 15% Discount နှင့် Non-Member များအား: 10% Discount ပေးသွားမည် ဖြစ်ပါသည်။
Yangon : Shop (1) - No. (55), Baho Road, (Corner of Baho & Ahlone Rd.), Ahlone Township. Tel: (951) 212-409, 221-271, 214-708, 7314-7732, 7301-5993
Shop (2) - No. (561/567), Room(3), Ground Floor, MAC Tower (I), Merchant Road, Kyauktada Township. Tel: (951) 370-532, 384-508
Mandalay : No. (110), 3rd Floor, Yadanarpon Diamond Plaza, Mandalay Tel: (959) 7300 2698

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဆေးပညာသတင်းဆန်းများ(၈၀)

ဒေါက်တာကံညွန့်

ကင်ဆာဆိုတာ ရှုပ်ထွေးတဲ့ရောဂါတစ်ခုပါ၊ အကြောင်းမျိုးစုံကြောင့် ဖြစ်ပါတယ်။ ဒါတွေကတော့ မျိုးရိုးဗီဇ (Genetic Factor) ကာယကံရှင်ရဲ့ ကျင့်ကြံနေထိုင်စားသောက်မှုပုံစံ (Life Style Factor) နဲ့ ပတ်ဝန်းကျင် အခြေအနေ (Environmental Factor) တို့ကြောင့် ဖြစ်ပါတယ်။ ဒီအထဲက မျိုးရိုးဗီဇကြောင့် ဖြစ်ရတဲ့ ကင်ဆာကတော့ ကာကွယ်တားဆီးလို့မရနိုင်တဲ့ကင်ဆာပါ။ ဝဋ်နာကံနာလို့ဆိုရပါတယ်။ ဒါကိုတောင် သိပ္ပံပညာရှင်တွေကအမျိုးမျိုးကြိုးစားပြီး လမ်းစရှာနေကြပါပြီ။ Genetic Enggineering လိုမျိုး၊ Gene Therapy လိုမျိုးကုနိုင်မယ့် နည်းလမ်းတွေကို ဖော်ထုတ်နေကြပါပြီ။ နောက်နှစ်မျိုးဖြစ်တဲ့ နေထိုင်စားသောက်မှုပုံစံနဲ့ ပတ်ဝန်းကျင်ကြောင့် ဖြစ်ရတဲ့ ကင်ဆာတွေကတော့ သတိထားပြီး ကာကွယ်မယ်ဆိုရင် အတော်အတန်ကာကွယ်လို့ရနိုင်ပါတယ်။

**အထိုင်များလေ ကင်ဆာဖြစ်ဖို့ ပိုများလေ**

**အခုလေ့လာထားချက်တစ်ခုကိုတင်ပြပါရစေ။ ဒီလေ့လာချက်ကို ပြုလုပ်ခဲ့တာကတော့ ဂျာမနီနိုင်ငံ Rogensburg တက္ကသိုလ်က သုတေသနအဖွဲ့ပါ။ သူတို့ဟာ ယခင်လေ့လာထားတဲ့ သုတေသနပေါင်း ၄၃ ခုမှာ ပါဝင်တဲ့လူပေါင်း လေးသန်းကျော်ရဲ့ကိုယ်ရေးအချက်အလက်တွေကို ထပ်မံသုတေသနပြုခဲ့ကြတာပါ။ ဒီအထဲမှာ ကင်ဆာဝေဒနာရှင် ခုနစ်သောင်းလည်း ပါဝင်ပါတယ်။ သူတို့ သုတေသနပြုလုပ်ပြီး ထုတ်ပြန်လိုက်တဲ့ မှတ်ချက်ကတော့ The Longer You Spend sitting, the higher your risk of Getting Certain Type of Cancer (အထိုင်များလေ ကင်ဆာဖြစ်ဖို့ ပိုများလေ)ဖြစ်ပါတယ်။ သူတို့အဆိုအရ ထိုင်တဲ့အချိန် နှစ်နာရီပိုများရင် အူမကြီးကင်ဆာဖြစ်ဖို့ ရှစ်ရာခိုင်နှုန်းပိုများပြီး အမျိုးသမီးတွေမှာအူမကြီးအပြင် သားအိမ်အတွင်းကင်ဆာ (Endometrial Cancer) ဖြစ်ဖို့ ၁၀ ရာခိုင်နှုန်း ပိုများနိုင်တယ်လို့ဆိုပါတယ်။ ဒါကြောင့် အထိုင်များခြင်းကို တတ်နိုင်သလောက်ရှောင်ကြပြီး လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုခြင်းကို အလေးထား ဆောင်ရွက်ဖို့ အကြံပေးတင်ပြလိုက်ပါတယ်။**

**ရာသီဥတုပူပြင်းမှုနဲ့ Heat Stroke**

သက်ကြီးရွယ်အိုတွေအတွက်ရော ကလေးတွေအတွက်ပါ သက်သောင့်သက်သာ နေထိုင်နိုင်ဖို့ ရှိသင့်တဲ့အပူချိန်ကတော့ ၂၅ ဒီဂရီနှင့် ၃၀ ဒီဂရီ ဆဲလ်စီယပ်အတွင်းမှာသာဖြစ်ပါတယ်။ အကယ်၍အပူရှိန်ဟာ ၃၃ ဒီဂရီကျော်လာရင်တော့ သက်ကြီးရွယ်အိုတွေအတွက်ရော ကလေးတွေအတွက်ပါ Heat Stroke အန္တရာယ်ကို စိုးရိမ်ရတတ်ပါတယ်။ သာမန်အချိန်တွေမှာ အရေပြားပေါ်က အပူချိန်ဟာ ပါးစပ်က အပူချိန်ထက် ၁ ဒီဂရီလောက်နည်းတတ်ပါတယ်။ ဒါပေမယ့် Heat Stroke စဖြစ်လာပြီဆိုရင်တော့ အရေပြားအပူရှိန်နဲ့ ပါးစပ်ထဲကအပူရှိန်ဟာ အတူတူဖြစ်လာပြီး Heat Stroke ပိုဆိုးလာတဲ့အခါ အရေပြားအပူချိန်ဟာ ပါးစပ်အပူရှိန်ထက်သိသိသာသာမြင့်တက်လာနိုင်ပါတယ်။ နို့တိုက်မိခင်တစ်ယောက်ဟာ မိမိကလေးရဲ့ ပါးစပ်အပူရှိန်မြင့်တက်လာတာကို အလွယ်တကူသိနိုင်ပြီး ကိုယ်အပူရှိန်မြင့်တက်လာတာကိုလည်း သိနိုင်သူဖြစ်ပါတယ်။ ဒါဟာ ကလေးကို မိခင်နို့တိုက်ကျွေးခြင်းရဲ့ အကျိုးတစ်ခုဖြစ်ပါတယ်။ ရာသီဥတုပူပြင်းချိန်မှာ ဒီလိုကလေးမှာ ပြောင်းလဲလာတာနဲ့တစ်ပြိုင်နက် ကလေးဟာ Heat Stroke ဖြစ်နေပြီဆိုတာ သိထားပြီး သက်ဆိုင်ရာ ကလေးအထူးကုဆရာဝန် သို့မဟုတ် နီးစပ်ရာ ဆေးရုံတွေမှာ အမြန်ဆုံးပြသင့်ပါတယ်။ ဆေးရုံမရောက်ခင် မိခင်နို့ သို့မဟုတ် ရေများများတိုက်ထားခြင်းဖြင့် ကလေးကို သက်သာစေနိုင်ပါတယ်ဆိုတာ အိန္ဒိယနိုင်ငံထုတ် Quarterly Medical Review ဂျာနယ်မှာဖော်ပြထားတဲ့ New Ideas For Better Child Survival Health ဆောင်းပါးမှာ ဖော်ပြထားတာကို ကောက်နုတ်တင်ပြလိုက်ရပါတယ်။

**ဟင်းသီးဟင်းရွက်စားပြီး နှလုံးသွေးကြောရောဂါကာကွယ်ပါ**

**ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများများစားသုံးခြင်းဟာ နှလုံးသွေးကြောရောဂါတွေကို ကာကွယ်နိုင်တယ်ဆိုတာ အများသိပြီးဖြစ်ပါတယ်။ ဒါပေမယ့် အခုလေ့လာချက်တစ်ခုကတော့ ဘယ်လောက်များများစားရင် ဘယ်လိုအကျိုးသက်ရောက်နိုင်တယ်ဆိုတာ သိနိုင်အောင်လေ့လာထားချက်ပါ။ Boston မှာရှိတဲ့ Harvard School of Public Health ဌာနက ဦးဆောင်ပြုစုထားတဲ့ လေ့လာချက်ပါ၊ သူတို့ဟာ နဂိုလေ့လာထားမှု ၁၆ ခု အပါအဝင် လူပေါင်း ရှစ်သိန်းကျော်ကို လေးနှစ်ကနေ ၂၆ နှစ်ကြာအောင် လေ့လာခဲ့ကြတာပါ။ ဒီလေ့လာဆဲကာလမှာ လူပေါင်း ၅၆၀၀၀ ဟာ သေဆုံးခဲ့ကြပါတယ်။ သူတို့အဆိုအရ အသီးအနှံ၊ ဟင်းသီးဟင်းရွက်များများစားလေ နှလုံးရောဂါဖြစ်နိုင်ခြေနည်းလေလို့ မှတ်ချက်ပေးထားပါတယ်။ ဒါပေမယ့် တစ်နေ့မှာ အနည်းဆုံး သီးနှံအမျိုး ငါးမျိုးခန့် စားသုံးဖို့လိုတယ်လို့ ဆိုပါတယ်။ ဒါမှ တစ်နေ့အတွက် လူတစ်ဦးလိုအပ်တဲ့ အာဟာရပြည့်ဝမှု ပြည့်စုံနိုင်မယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ ဟင်းသီးဟင်းရွက်တစ်မျိုး စားသုံးတိုင်း ဘာမှမစားသုံးသူထက် နှလုံးရောဂါဖြစ်နိုင်ခြေ ငါးရာခိုင်နှုန်းကျဆင်းသွားနိုင်တယ်လို့ ဆိုပါတယ်။ ငါးမျိုးထက်ပိုပြီး စားသုံးပါကလည်း ငါးမျိုးစားသုံးသူထက်ပိုပြီး မထူးခြားဘူးလို့ဆိုထားပါတယ်။ ဒါ့အပြင် ဒီလိုဟင်းသီးဟင်းရွက်အသီးအနှံစားသုံးခြင်းဟာ ကင်ဆာရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်မှုရှိမရှိကို သူတို့လေ့လာချက်က မဖော်ပြနိုင်ဘူးဆိုတာ တင်ပြလိုက်ရပါတယ်။**

**ရင်သားကင်ဆာမရှိဘူးဆိုပြီး စိတ်ချလက်ချမနေသင့်**

ယခုဖော်ပြလိုတဲ့သတင်းကတော့ အရွယ်ရောက်ပြီးသူ အမျိုးသမီးတွေမှာ ရင်သားကင်ဆာရှိမရှိ ကနဦးစစ်ဆေးရတဲ့ Mammogram စမ်းသပ်နည်းနဲ့ ပတ်သက်တာပါ။ အမျိုးသမီးတွေဟာ Mammogram စမ်းသပ်လိုက်တဲ့အခါ အဖြေက ဘာမှမရှိဘူးလို့ ထွက်လာပေမယ့် ဒါကို ပကတိရောဂါကင်းရှင်းတယ်လို့ မမှတ်ယူဘဲ တစ်နှစ်၊ နှစ်နှစ်အတွင်း ပြန်လည်စစ်ဆေးသင့်တယ်လို့ထောက်ပြထားပါတယ်။ ဒီအကြောင်းကိုတော့ Denmark နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ်က ဆေးသုတေသီတွေရဲ့ လေ့လာချက်ကို Cancer Epidermiology စာစောင်မှာဖော်ပြထားတာပါ။ သူတို့ဟာ Denmark နိုင်ငံသူ ငါးသောင်းရှစ်ထောင်ကျော်ကို ၁၉၉၁ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အတွင်း စမ်းသပ်စစ်ဆေးကြည့်တဲ့အခါ ၄၇၄၃ ဦးဟာ သူတို့မှာ ရင်သားကင်ဆာမရှိဘူးလို့ အဖြေထွက်ခဲ့ကြပါတယ်။ ဒါပေမယ့် အဲ့ဒီ ၄၇၄၃ ဦးကိုပဲ ၂၀၀၈ ခုနှစ်မှာ ခေါ်ယူစစ်ဆေးလိုက်တဲ့အခါ ၂၉၅ ဦးဟာ ရင်သားကင်ဆာရှိနေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ အခုလိုဖြစ်တာဟာ ကနဦးစစ်ဆေးစဉ်က (False Negative) ဖြစ်နိုင်သလို၊ နောက်ထပ်စစ်ဆေးတဲ့အခါ (False Positive) ဖြစ်တာမျိုးလည်း ရှိနိုင်တယ်လို့ ဆိုပါတယ်။ False Negative နှုန်းဟာ (၁ ဒသမ ၅ ရာခိုင်နှုန်း)ရှိနိုင်ပြီး False Positive နှုန်းကတော့ ၂၇ ရာခိုင်နှုန်းထိရှိနိုင်တယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံမှာလည်း ဒီလို False Positive ဆိုတာမျိုးရှိပြီး ဒီလိုရှိတဲ့နှုန်းဟာ ဒိန်းမတ်နိုင်ငံထက်တောင် ပိုများတယ်လို့ဆိုပါတယ်။ ဒါကြောင့် Mammogram ခေါ် ရင်သားကင်ဆာစစ်ဆေးခြင်းကို တစ်ခါစစ်ဆေးရုံနဲ့ မရှိဘူးဆိုပြီး စိတ်ချလက်ချမနေသင့်ဘူးဆိုတာ တင်ပြလိုက်ရပါတယ်။

**စိတ်ဖိစီးမှုခံရသူ စိတ်ကျရောဂါဖြစ်လွယ်**

ယခုဖော်ပြလိုတဲ့သတင်းကတော့ လူတွေမှာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျမှုစတဲ့ စိတ်နဲ့ ပတ်သက်တဲ့ရောဂါတချို့ဟာ သူ့ရဲ့ ဦးနှောက်မှာရှိတဲ့ Genes ပတ်သက်နေတယ်ဆိုတဲ့ လေ့လာချက်အကြောင်းပါ။ ဒီလေ့လာချက်ကိုတော့ Australia နိုင်ငံ Viena ဆေးတက္ကသိုလ်က သိပ္ပံပညာရှင်တွေ လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ အဖြစ်အပျက်အတူတူကို ခံစားကြရသော်လည်း ဒီ Genes မျိုး ရှိနေသူက ပိုမိုခံစားရတတ်တယ်လို့ ၎င်းတို့လေ့လာချက်မှာ ဖော်ပြထားပါတယ်။ ဥပမာ ရောဂါတစ်ခုဖြစ်တာ အလုပ်ပြုတ်သွားတာ၊ မိဘ သို့မဟုတ် သားသမီးတစ်ဦးဦး သေဆုံးသွားတာ၊ အလုပ်တစ်ခု မအောင် မမြင်ဖြစ်တာမျိုးမှာ ဒီ Gene တစ်မျိုးရှိတဲ့လူက မရှိတဲ့လူထက် ပိုခံစားရပြီးစိတ်ဖိစီးမှု၊ စိတ်ကျရောဂါဖြစ်မှု ပိုဆိုးစေတယ်လို့ဆိုပါတယ်။ ဒီ Genes ဟာ ဦးနှောက်ရဲ့ Hippocampus ဆိုတဲ့နေရာမှာရှိပြီး ဒီနေရာဟာ စိတ်ရဲ့ Switching Station နေရာဖြစ်တယ်လို့ဆိုပါတယ်။ ဒီတွေ့ရှိချက်ဟာ လွယ်လွယ်ကူကူနှင့်စိတ်ဖိစီးမှုခံရသူ စိတ်ကျရောဂါဖြစ်လွယ်သူတို့အတွက် ကုထုံးတစ်ခုဖော်ထုတ်ဖို့ အရေးကြီးတဲ့ အချက်တစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**အိပ်ရေးဝဝအိပ်စက်ခြင်းသည် ကျန်းမာရေးအထောက်အကူပြု**

**အိပ်ရေးဝဝအိပ်စက်ခြင်းဟာ ကလေးအတွက်ရောလူကြီးတွေအတွက်ပါ ကျန်းမာရေးမှာ အထောက်အကူပြုတယ်ဆိုတာ တင်ပြခဲ့ပါပြီ။ အခုလေ့လာထားချက်ကတော့ ကင်ဆာဝေဒနာရှင်တွေဟာ အိပ်ရေးဝအောင် အိပ်ရင်၊ ကင်ဆာရောဂါ ကုသမှုခံယူရာမှာ အထူးအထောက်အကူပြုတယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Chicago University နှင့် Louisuille University က ဆရာဝန်တွေနှင့် အစ္စရေးနိုင်ငံ Haifa မြို့ Rambam Medical Centre က ဆရာဝန်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ကနဦးစမ်းသပ်မှုအရ ကြွက်ကောင်ငယ်လေးတွေကို အုပ်စု နှစ်စုခွဲပြီး စမ်းသပ်ခဲ့ကြတာဖြစ်တယ်။ ပထမအုပ်စုကို တစ်ပတ်ကြာ အိပ်ရေးဝအောင် အိပ်ခိုင်းထားပြီး ကျန်အုပ်စုတစ်ခုကိုတော့ အိပ်ရေးမဝအောင် ကြားဖြတ်နှိုးပြီး ထားခဲ့ကြကာ ဒီအုပ်စုနှစ်ခုလုံးကို စတင်မအိပ်ခင်က ကင်ဆာဖြစ်စေတဲ့ ဆေးထိုးပေးပြီးနောက် လေးပတ်ကြာ စောင့်ကြည့်ခဲ့ကြပါတယ်။ အဲ့ဒီအခါ အိပ်ရေးပျက်ခဲ့တဲ့အုပ်စုက ကြွက်တွေရဲ့ ကင်ဆာအဖုအကျိတ်ဟာ သာမန်အိပ်စက်ခဲ့တဲ့ ကြွက်တွေထက်ပိုမိုကြီးထွားခဲ့ပြီး ရောဂါပျံ့နှံ့နေတာကိုလည်း တွေ့ရတယ်လို့ဆိုပါတယ်။ သူတို့အဆိုအရ အိပ်ရေးပျက်ခြင်းဟာ ကိုယ်ခံအားကိုကျဆင်းစေပြီး သွေးထဲမှာကင်ဆာ Cells တွေကို တိုက်ခိုက်မယ့် Macrophage ခေါ်တဲ့ Cells တွေဖြစ်ပွားမှုကိုလည်း ကျဆင်းစေတာကြောင့် အခုလိုဖြစ်ရတာလို့ဆိုပါတယ်။ ဒါကြောင့် ဘယ်ရောဂါဝေဒနာရှင်တွေမဆို ရောဂါတစ်ခုဖြစ်လာရင် အိပ်ရေးဝအောင် အိပ်သင့်ကြောင်း တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။**



ဒီဇင်ဘာ ၁ ရက်က ဂျပန်နိုင်ငံဘုရင်မင်းမြတ်၏ မွေးနေ့အထိမ်းအမှတ်ညစာခံပွဲအခမ်းအနား တက်ရောက်လာသည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့်ဇနီးအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi Higuchi ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင် အဆောက်အအုံဖွင့်



ပုသိမ် ဒီဇင်ဘာ ၁

ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါ အဆောက်အအုံသစ် မုခ်ဦးရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေနှင့် National Institute of Technology and Evaluation (NITE) မှ Dire-ctor Professor Dr .Katsuhiko AN DO တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။ **(ယာပုံ)**

ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ပုသိမ်တက္ကသိုလ် အနုပညာအသင်း ကျောင်းသား ကျောင်းသူများက တိုင်းရင်းသား အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အမှာစကားများ အသီးသီးပြောကြားပြီး ပုသိမ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ University of Tsukuba တို့မှ တက္ကသိုလ် တာဝန်ရှိသူများက တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ ပထမအကြိမ် မြန်မာ-ဂျပန် သုတေသနစာတမ်းဖတ်ပွဲအစီအစဉ်အား ဆက်လက်ကျင်းပရာ ဂျပန်နိုင်ငံ တက္ကသိုလ်များမှ ပညာရှင်များနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်အသီးသီးမှ ပညာရှင်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး၊ လူမှုရေးဝန်ကြီး၊ အမှတ်(၁)အခြေခံပညာဦးစီးဌာနအောက်မြန်မာပြည် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးတို့နှင့်အတူ ပုသိမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)နှင့် (၃)ကျောင်းများသို့ သွားရောက်၍ ကျောင်းဆောင်များ ပြုပြင်မွမ်းမံနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ပုသိမ်ပညာရေးကောလိပ်သို့ ရောက်ရှိခဲ့ကြပြီး အမျိုးသားပညာရေး ဥပဒေနှင့် ရေးဆွဲလျက်ရှိသော နည်းဥပဒေများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ပညာရေးအစီအစဉ်များ၊ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ကံထူးရှင်ပေါ်ထွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

(၁၁၁)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်း-

**ကျပ်သိန်း(၁၅၀၀)**

လ-၈၇၄၀၆၃

**ကျပ်သိန်း(၁၀၀၀)**

ခ-၇၆၈၃၅၀

**ကျပ်သိန်း(၅၀၀)ဆုများ**

ကက-၂၀၉၆၉၆ မ္ဘ-၁၆၄၈၄၂

**ကျပ်သိန်း(၃၀၀)ဆုများ**

မ္ဘ-၈၆၅၆၄၆ စ-၈၂၃၄၈၂

ကက-၄၀၅၁၁၇

**ကျပ်သိန်း(၂၀၀)ဆုများ**

ဟ-၉၂၆၂၄၈ ည-၄၁၃၆၄၁

ည-၆၅၃၃၃၉ ခ-၈၅၀၈၅၂

ခ-၇၅၁၃၉၀

**ကျပ်သိန်း(၁၀၀)ဆုမဲများ**

လ-၃၇၆၁၀၈ ဝ-၇၉၃၅၅၇

ဌ-၁၈၃၇၀၃ ဝ-၅၈၈၅၅၅

န-၂၃၇၄၇၁ ကခ-၃၃၆၃၂၇

ဃ-၃၅၄၀၈၁ ဖ-၉၇၈၈၀၈

လ-၅၇၉၅၉၈ ဝ-၃၉၉၃၂၂

ပြည်တွင်းသတင်း

# ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ဆက်လက်ထောက်ခံအားပေးသွားမည်ဟုမျှော်လင့်

နေပြည်တော် ဒီဇင်ဘာ ၁

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့်မိဖုရား ဆွန်ယာ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဆွေတော် ဘုရင်မင်းမြတ်နှင့် မိဖုရားဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်ဘုရင်မင်းမြတ်နှင့်မိဖုရား ယခုလို ချစ်ကြည်ရေးခရီးလာရောက်ခြင်းမှာ မြန်မာ-နော်ဝေနှစ်နိုင်ငံဆက်ဆံရေးအတွက် ချစ်ကြည်ရင်းနှီးသည့် ကောင်းမွန်သော ပြယုဂ်တစ်ခုဖြစ်ပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုများကို လာရောက်အားပေးသည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် ဆက်လက်ထောက်ခံအားပေးသွားမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိ နော်ဝေနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့စဉ်က အဆွေတော်ဘုရင်မင်းမြတ်နှင့်နော်ဝေနိုင်ငံပြည်သူများအနေဖြင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် သက်ဝင်ယုံကြည်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ထူးခြားချက်အနေဖြင့် မေ ၁၇ ရက်တွင် ကျရောက်သော နော်ဝေနိုင်ငံ အမျိုးသားနေ့ (Constitution Day) တွင် ကလေးသူငယ်များအား ဦးစားပေး၍ ပျော်ရွှင်စွာ **ဆို တီး က ခုန်**လျက် ဘုရင့်နန်းတော်သို့ ချီတက်စဉ် မိဘများနှင့် အခမ်းအနားတက်ရောက်လာသူ ပရိသတ်များက ဝိုင်းဝန်းအားပေးနေကြသည့် မြင်ကွင်းသည် မိမိရင်ထဲတွင် မမေ့နိုင်သောကိစ္စဖြစ်သကဲ့သို့ လေးစားအတုယူစရာလည်းကောင်းပါကြောင်း၊ အဆွေတော်ဘုရင်မင်းမြတ်နှင့် မိဖုရား ကျန်းမာချမ်းသာပြီး နော်ဝေနိုင်ငံပြည်သူများ သာယာဝပြောစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် နော်ဝေနိုင်ငံဘုရင်မင်းမြတ်က မိမိမြန်မာနိုင်ငံသို့ ရောက်ရှိသည့်အခါ မြန်မာနိုင်ငံ၏ သာယာလှပမှု များစွာကို တွေ့ရှိခံစားရပါကြောင်း၊ ခမ်းနားထည်ဝါသော လွှတ်တော်ကြီးသို့ ရောက်ရှိချိန်တွင် ယခုလို လှိုက်လှိုက်လှဲလှဲ နွေးထွေးစွာ ကြိုဆိုသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိ၏ခရီးစဉ်သည် နော်ဝေ-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် ရည်ရွယ်ပါကြောင်း၊ ယခုအချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဟူသော ကြီးလေးသောတာဝန်ကြီးကို ထမ်းဆောင်နေရချိန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုကိစ္စရပ်များတွင် နော်ဝေနိုင်ငံအနေဖြင့် ဆက်လက်အားပေးကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အလျင်အမြန်ဆောင်ရွက်သင့်သည်များရှိသကဲ့သို့ စိတ်ရှည်သဘောထားကြီးစွာဖြင့် ဆောင်ရွက်သင့်သည်များလည်း ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုးပေါင်းစုံရှိပြီး ပါတီများ များပြားသဖြင့် ရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပနိုင်ရေးသည်လည်း ကြီးလေးသော တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ မိမိ၏ခရီးစဉ်မှသည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ကောင်းမွန်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ပြည်သူ့လွှတ်တော် ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးမောင်ဦး၊ ဦးစိုးနိုင်၊ ကော်မတီအတွင်းရေးမှူး ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော် ကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဌေး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဒေါ်အေးအေးမူ၊ နော်ဝေနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စွာမင်း၊ ပြည်ထောင်စု လွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နော်ဝေနိုင်ငံ ဘုရင်နှင့် မိဖုရား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E.Ms.Ann Ollestad လည်းတက်ရောက်သည်။

နော်ဝေနိုင်ငံဘုရင်နှင့် မိဖုရား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများက လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်ရှေ့၌ **"မြန်မာ- နော်ဝေ နှစ်နိုင်ငံ ချစ်ကြည်ရေးခိုင်မြဲပါစေကြောင်းနှင့် နော်ဝေဘုရင်နှင့် မိဖုရား ကျန်းမာပါစေကြောင်း"** ဆုမွန်ကောင်းတောင်း၍ နှစ်နိုင်ငံအလံများကို ဝေ့ယမ်းကာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# Bank of the Year in Myanmar 2014 ဆု ကမ္ဘောဇဘဏ်ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Financial Times မှ ပေးအပ်သည့် ၂၀၁၄ ခုနှစ်အတွက် နိုင်ငံအလိုက် အကောင်းဆုံးဘဏ်ဆု"The Banker Awards 2014" ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Intercontinental Hotel-Ballroom ခန်းမ၌ကျင်းပရာ ၂၀၁၄ ခုနှစ်အတွက် မြန်မာနိုင်ငံမှ ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှုအကောင်းဆုံးဆု " Bank of the Year in Myanmar 2014" ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ယင်းသို့ ၂၀၁၄ ခုနှစ်အတွက် နိုင်ငံအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှုအကောင်းဆုံးဆုများကို အမေရိကန်နိုင်ငံမှ WELLS FARGO BANK၊ အင်္ဂလန်နိုင်ငံမှ LLOYDS BANKING GROUP၊ နယ်သာလန်နိုင်ငံမှ ING BANK၊ ဩစတြေးလျနိုင်ငံမှ WEST PAC BANK၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ICBC BANK၊ တောင်ကိုရီးယားနိုင်ငံမှ HANA BANK၊ စင်ကာပူနိုင်ငံမှ DBS BANK၊ မလေးရှားနိုင်ငံမှ CIMB BANK၊ ထိုင်းနိုင်ငံမှ KRUNG THAI BANK၊ အိန္ဒိယနိုင်ငံမှ AXIS BANK တို့အပါအဝင် နိုင်ငံပေါင်း ၁၄၉ နိုင်ငံ၏ သက်ဆိုင်ရာဘဏ်အဖွဲ့အစည်းများမှလည်း ယင်းဆုကို အသီးသီးရရှိခဲ့ကြသည်။ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အမှုဆောင် ဒါရိုက်တာ ဒေါ်နန်းခမ်းနောင့်၊ အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်၊ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်ချောစုတို့ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအတွက် " Bank of the Year in Myanmar 2014 "ဆုကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက တက်ရောက် လက်ခံရယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

Financial Times က ကြေညာချက်ထုတ်ပြန်ရာ၌ နှစ်အလိုက် အကောင်းဆုံးဘဏ်ဆု (Bank of the Year in Myanmar 2014) ဆုကို ရွေးချယ်ချီးမြှင့်ရာတွင် ကမ္ဘာအရပ်ရပ်ရှိ ဘဏ်လုပ်ငန်းများအတွက် ရည်ရွယ်ကာ သီးခြားဖွဲ့စည်းထားသော The Bankerမှ ကမ္ဘာတစ်ဝန်းလုံး၌ ၄င်းတို့ဖြန့်ကြက်ထားသော သတင်းထောက်များ၊ သတင်းဌာနများ၊ မီဒီယာများမှ ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို စုစည်းလျက် သတ်မှတ်ထားသော စံချိန်စံညွှန်းများပေါ်အခြေခံ၍ ရွေးချယ်ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကမ္ဘောဇဘဏ်ကို ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ကမ္ဘောဇဘဏ်လီမိတက်၏ဘဏ်လုပ်ငန်းဆိုင်ရာများ တိုးတက်ဆောင်ရွက်နိုင်မှု၊ ဘဏ်ခွဲများ၊ ATM စက်များ နိုင်ငံအနှံ့အပြား၌ တိုးတက်ဖွင့်လှစ်နိုင်မှု၊ ဈေးကွက်တိုးတက်ပိုင်ဆိုင်မှု၊ စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအများဆုံး တိုးတက်ထုတ်ချေးနိုင်မှု၊ ဝင်ငွေနှင့်အမြတ်တိုးတက်ရရှိမှု၊ ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်မှုနှင့် စီမံအုပ်ချုပ်မှုစွမ်းရည် တိုးတက်ကောင်းမွန်မှု၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုစသည်တို့ကို အခြေခံ၍ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ကမ္ဘောဇဘဏ်လီမိတက်သည် ယမန်နှစ်ကလည်း Financial Times က ပေးအပ်သည့် Bank of the Year in Myanmar 2013 ဆုကို ရရှိခဲ့ပြီး ယခုနှစ်အတွက် ထပ်မံ၍ ရွေးချယ်ခံရသည့်အတွက် ဤဆုကို နှစ်နှစ်ဆက်တိုက် ရရှိခြင်းဖြစ်ကြောင်းသိရှိရပြီး ကမ္ဘာလုံးဆိုင်ရာ စွမ်းဆောင်ရည်အကောင်းဆုံး Global Award ဆုကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ICBC BANK က ရရှိခဲ့ကြောင်း သိရသည်။



**(သတင်းစဉ်)**



*စာမျက်နှာ ၅ မှ*

အထောက်အကူပြုအဖွဲ့ကိုလည်း သူတို့ပဲ အကူအညီပေးခဲ့တယ်။ အခုလက်ရှိမှာလည်း နော်ဝေနိုင်ငံဟာ အစိုးရအပြောင်းအလဲ လုပ်ထားတော့ နော်ဝေအစိုးရအနေနဲ့က အသစ်ဖြစ်နေတယ်။ အခုလာတဲ့ နိုင်ငံခြားရေးဝန်ကြီးကလည်း အသစ်ပဲ။ သူတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဆက်ပြီး ကူညီနိုင်ဖို့။ နောက်ပြီးတော့ နော်ဝေရဲ့အကူအညီနဲ့ မြန်မာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ (MPSI) ကနေ ကျောက်ကြီးအပါအဝင် ပဲခူးတိုင်းဒေသကြီးရဲ့ ဒေသသုံးခုမှာ IDP (ဒေသတွင်း ထွက်ပြေးတိမ်းရှောင်နေရသူ)တွေကို ကူညီနေတာတွေရှိတယ်။ နော်ဝေနိုင်ငံက နော်ဝေပြည်သူများ ထောက်ပံ့ရေးအဖွဲ့ (NPA) အဖွဲ့နဲ့ မြန်မာအစိုးရနဲ့ပေါင်းပြီးတော့ IDP (ဒေသတွင်း ထွက်ပြေးတိမ်းရှောင်နေရသူ) တွေကို မှတ်ပုံတင်လုပ်ပေးနေတဲ့ ကိစ္စတွေမှာလည်း ရှေ့ပြေးစီမံကိန်း (Pilot Project) လုပ်တာ အလွန်အောင်မြင်နေတယ်။ ကျွန်တော်တို့ MPC အနေနဲ့က နော်ဝေနိုင်ငံခြားရေးဝန်ကြီးကို ငြိမ်းချမ်းရေးကိစ္စတွေ ရှင်းပြဖို့အတွက် လိုက်ပါသွားတာ။

**မေး။ ။ ဒါဆိုရင် နော်ဝေနိုင်ငံက MPC ကို ရှေ့ဆက်ပြီး ဘာအကူညီတွေပေးသွားဖို့ ရှိနိုင်လဲ။**

ဖြေ။ ။ ကျွန်တော်တို့ MPC ကို နော်ဝေက တိုက်ရိုက် အကူအညီပေးတာမရှိဘူး။ သူတို့နဲ့ အသေးစိတ် ဆက်ဆွေးနွေးတာတွေ တော့ရှိမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးအတွက် Peace Donour Support Group ဆိုပြီးတော့ ဖွဲ့ထားတယ်။ အဲဒီမှာ ကမ္ဘာ့ဘဏ်တို့၊ ဂျပန်တို့ အမေရိကန်တို့ အများကြီးပါတယ်ဗျ၊ အဲဒီအဖွဲ့ရဲ့သဘောက မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းမှာ ပိုက်ဆံအများကြီးလိုမယ်။ လိုအပ်တာကို ဘယ်လိုပုံစံမျိုးနဲ့ ပေးနိုင်မလဲဆိုတာကို ကျွန်တော်တို့ ဆွေးနွေးနေကြတာရှိတယ်။ အဲဒီထဲမှာ နော်ဝေကနိုင်ငံတစ်ခုအနေနဲ့ပါတယ်။ အဲ့ဒီအဖွဲ့ကလည်း နော်ဝေနိုင်ငံကပဲ စပြီး ဦးဆောင်သူအဖြစ် လုပ်ထားတဲ့အဖွဲ့။ ကျွန်တော်တို့ MPC ကို နော်ဝေအနေနဲ့ တိုက်ရိုက်ပေးနေတာ မရှိပေမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ခုနက ကျွန်တော်ပြောခဲ့တဲ့ ကိစ္စတွေမှာ အကူအညီပေးနေတာတွေရှိတယ်။ MPC ကို အကူအညီမပေးသည်ဖြစ်စေ၊ အစိုးရကို အကူအညီပေးသည်ဖြစ်စေ အဓိကကျတဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ အကူအညီပေးနေတော့ ဒါဟာ အဆင်ပြေတာပေါ့။

ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

ယင်းနောက် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် နော်ဝေနိုင်ငံဘုရင်တို့က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ငြိမ်းချမ်းရေး တည်ဆောက်မှုအခြေအနေနှင့် ပဋိပက္ခလွန်ကာလ ပြန်လည်ထူထောင်ရေး၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် နော်ဝေနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုအခြေအနေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေး၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာပညာတော်သင်များ ပိုမိုလက်ခံနိုင်ရေး၊ စွမ်းအင်ကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကျင်းပရေး၊ အာဆီယံ-နော်ဝေ ဆက်ဆံရေး စသည့်အချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နော်ဝေနိုင်ငံဘုရင်နှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံမတ်ကြီး မစ္စအန်း အော်လီစတက်တို့ တက်ရောက်ကြသည်။

ယင်းနောက် နှစ်နိုင်ငံသဘောတူ စာချုပ်လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် နော်ဝေနိုင်ငံဘုရင်တို့၏ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နော်ဝေနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘော့ဂျ်ဘရန်ဒီတို့ကလက်မှတ်ရေးထိုးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီးတို့က နော်ဝေနိုင်ငံ ဘုရင်နှင့် မိဖုရားတို့အား နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ခန်းမဆောင်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ်တွင် တင်ရှိနေသည့် ကြွေးမြီဒေါ်လာ ၅၃၄ သန်းကို ပယ်ဖျက်ပေးခဲ့ပြီး နော်ဝေနိုင်ငံ၏ နိုင်ငံတကာ အကူအညီပေးရေး အစီအစဉ်တွင် မြန်မာနိုင်ငံသို့ ဖွံ့ဖြိုး တိုးတက်ရေး အကူအညီပေးရန် ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ထို့အပြင် နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုအလှူရှင်များအဖွဲ့တွင် ပါဝင်ပြီး အော်စလို ငြိမ်းချမ်းရေးစင်တာနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနတို့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးနှင့် နော်ဝေနိုင်ငံဘုရင်နှင့် မိဖုရားတို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံဘုရင်တို့၏ ရှေ့မှောက်၌ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘော့ဂျ်ဘရန်ဒီတို့ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)



# နော်ဝေနိုင်ငံ ဘုရင်နှင့် မိဖုရား နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ဖိတ်ကြားချက်အရ နော်ဝေနိုင်ငံ ပဥ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြသည်။

ဧည့်သည်တော် ဟာရယ်ဘုရင်နှင့် မိဖုရားတို့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့်ဇနီး၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား မောင်မယ်များနှင့် ဂုဏ်ပြုတပ်ဖွဲ့ဝင်များက ဂုဏ်ပြုကြိုဆိုကြပြီး**(အပေါ်ပုံ)** လေဆိပ်အထွက် လမ်းဘေးဝဲယာ၌ ကျောင်းသားကျောင်းသူလေးများက နှစ်နိုင်ငံ အလံငယ်များ ဝှေ့ယမ်းဂုဏ်ပြုကြိုဆိုကြသည်။ **(သတင်းစဉ်)**

# လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး နော်ဝေနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဒီဇင်ဘာ ၁ ရက် ညနေ ၄နာရီခွဲတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ နော်ဝေကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး Ms.Monica Maeland ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲ၌ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် နော်ဝေနိုင်ငံမှ GSP အခွင့်အရေးများ ပြန်လည်ပေးအပ်ခဲ့မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်ပစ္စည်းများဖြစ်သည့် လယ်ယာထွက်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးတို့အတွက် နည်းပညာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နော်ဝေနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးခဲ့သည်။

နော်ဝေကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် နော်ဝေနိုင်ငံမှ ကမ္ဘာပေါ်တွင် ဓာတ်မြေဩဇာအများဆုံး ထုတ်လုပ်နေသည့် Yara ကုမ္ပဏီအပါအဝင် ကုမ္ပဏီများက မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**







မြန်မာ-နော်ဝေ နှစ်နိုင်ငံ ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်လျက် ရှိသကဲ့သို့ နော်ဝေကြက်ခြေနီအဖွဲ့နှင့် နော်ဝေပြည်သူလူထု အကူအညီပေးရေးအဖွဲ့တို့ကလည်း စစ်ရှောင်ဒုက္ခသည်စခန်းများကို လည်းကောင်း၊ နော်ဝေဒုက္ခသည် ကောင်စီကလည်း ပဲခူးတိုင်းဒေသကြီးအတွင်း ပြန်လည်နေရာချထားမည့် ကရင်တိုင်းရင်းသားများအတွက် မှတ်ပုံတင်ထုတ်ပေးရေးလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ပူးပေါင်း၍လည်းကောင်း ကူညီ ဆောင်ရွက်လျက်ရှိသည်။ နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် သံရုံးဖွင့်လှစ်ထားပြီး အော်စလိုမြို့၌ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံရုံးကိုလည်း ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်း၌ ဖွင့်လှစ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က နော်ဝေနိုင်ငံ ဘုရင်နှင့် မိဖုရားတို့အား ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

❖ *ကျောဖုံးမှ*

၂၀၁၂ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး ၂၀၁၂ ပြိုင်ပွဲတွင် ဧရာဝတီအသင်း၊ ၂၀၁၃ ပြိုင်ပွဲတွင် ရန်ကုန်အသင်း၊ ၂၀၁၄ ပြိုင်ပွဲတွင် ကမ္ဘောဇအသင်းတို့က အနိုင်ရဗိုလ်စွဲထားသည်။ သုံးနှစ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရရှိထားသည့် ရန်ကုန်အသင်းမှာ ၂၀၁၄ ရာသီကအောင်မြင်မှု မရခဲ့သောကြောင့် ယခုရာသီသစ်တွင် ယှဉ်ပြိုင်ခွင့်မရရှိခြင်းဖြစ်ကြောင်း သိရသည်။

ရတနာပုံအသင်းမှာ MNL အမှတ်ပေးချန်ပီယံဆုကို သုံးကြိမ်အထိ ရရှိထားသည့်အသင်းဖြစ်ပြီး ဧရာဝတီအသင်းမှာမူ ရှုံး/ထွက် ချန်ပီယံဆုကို နှစ်ကြိမ်ဆက် ရရှိထားသည့် အသင်းလည်းဖြစ်သည်။ ရန်ပုံငွေပွဲဖြစ်သောကြောင့် ယခုပွဲမှ ကွင်းဝင်ကြေးများကိုလည်း လူမှုရေးအဖွဲ့အစည်းများနှင့် အတူ လိုအပ်သည့်နေရာများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

❒ *ကျောဖုံးမှ*

ချောင်းကူး ဝမ်တာပုံဘေလီတံတားကို အမြဲတမ်းသံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း၊ ကျိုင်းတုံမြို့အထွက်ရှိ အရှည်ပေ ၁၂၀ ရှိသော နောင်ဖာသစ်သားတံတား အမြဲတမ်းသံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်လျှင် ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ယင်းလမ်းပိုင်း ၇၃ မိုင်ကို ကတ္တရာလမ်းအဆင့် ရောက်ရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်နိုင်**

# ဝန်ထမ်းများအရည်အသွေးတိုးတက်ရေး အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန၏ဦးစီးဌာနနှင့်လုပ်ငန်းများရှိ ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်လာစေရန်ရည်ရွယ်၍ ပြန်ကြား ရေးဝန်ကြီးဌာနနှင့် အမေရိကန်သံရုံးတို့ ပူးပေါင်း၍ အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



အခမ်းအနားသို့ အမေရိကန်ပြည်ထောင်စုမှ အင်္ဂလိပ်စာနည်းပြပါမောက္ခ Ms.Kelly Vassar၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင် မြှင့်တင်ရေးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့နေ့ချင်းပြီးဆောင်ရွက်

**ဟိုပုံး ဒီဇင်ဘာ ၁** ရှမ်းပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် (NRC) အဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မိုးပွင့်အဆင့်(၇)စီမံချက်နိုင်ငံသား စိစစ်ရေးကတ်ပြားနေ့ချင်းပြီးအခမဲ့ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် လွယ်အွန့်ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက လွယ်အွန့်ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ပေးသည်။ အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားနေ့ချင်းပြီး ဆောင်ရွက်ရာတွင် အသက် ၁၀ နှစ်ပြည့် ၅၅ ဦး၊ အသက် ၁၈ နှစ်ပြည့် ရှစ်ဦး၊ ကတ်ပြားလဲလှယ် ၄၁ ဦးနှင့် မိတ္တူ ၁၈ ဦးစုစုပေါင်း ၁၂၂ ဦး အိမ်ထောင်စုခွဲ ၂၇ စု၊ အိမ်ထောင်စုမိတ္တူ ၁၉ စု စုစုပေါင်း ၄၆ စု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**



ပြည်တွင်းသတင်း

# နှစ်စဉ်ရသုံးမှန်းခြေ ရေးဆွဲဆောင်ရွက်ခြင်းအပေါ် စိစစ်သုံးသပ်ရမည့်လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

**ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်စဉ်ရသုံးမှန်းခြေ ရေးဆွဲဆောင်ရွက်ခြင်းအပေါ် စိစစ်သုံးသပ်ရမည့်လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် လွှတ်တော်ရုံး ရုံးအမှတ် (၂၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး ပူးပေါင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ဦးသိန်းဝင်းနှင့် ကော်မတီဝင်များ၊ ကမ္ဘာ့ဘဏ်မှပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမှာစကား ပြောကြားသည်။


ထို့နောက် ကမ္ဘာ့ဘဏ်မှ ပညာရှင် Robert Boothe က ပြည်သူ့အရင်းအမြစ်များ အသုံးချသည့်နေရာတွင် ထိထိရောက်ရောက် အသုံးချနိုင်ရန် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ဆောင်ရွက်သည့်ကိစ္စများ လုပ်ကိုင်သည့်နေရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်အောင် ကူညီပံ့ပိုးပေးခြင်း ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် ရပ်နားလိုက်ပြီး ဒီဇင်ဘာ ၄ ရက်နေ့အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဗီယက်နမ်ကာကွယ်ရေးဝန်ကြီး General Phung Quang Thanhအား အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ နိုဝင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သွားရောက်ဂါရဝပြုတွေ့ဆုံသည်။



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။** (မြဝတီ)

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးချုပ်ညွန့်ဆွေ တက်ရောက်ပြီး ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး General Phung Quang Thanhနှင့်အတူ ဗီယက်နမ် ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lt.Gen. Nguyen Quoc Khanh၊ ဗီယက်နမ်ပြည်သူ့တပ်မတော် လေ့ကျင့်ရေးဌာနမှ အထွေထွေညွှန်ကြားရေးမှူး Lt.Gen. Nguyen Duc Than နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး General Phung Quang Thanhက အစည်းအဝေးတက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များအား နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် အာဆီယံနိုင်ငံများအတွင်း တပ်မတော်အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး အပြန်အလှန်နားလည်ရေး၊ သတင်းဖလှယ်ရေးနှင့် လေ့ကျင့်ရေးများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် တစ်ခုတည်းသောအာဆီယံ ရည်မှန်းချက်သို့ လျှောက်လှမ်းရာ၌ ဆောင်ရွက်ဖွယ်ရာ တပ်မတော်အခန်းကဏ္ဍတို့အား ဆွေးနွေးပါသည်။ ၎င်းနောက် ၂၀၁၅ ခုနှစ်အတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် Gen.Udomdej Sitabutr က အာဆီယံနိုင်ငံ ကြည်းတပ်ဦးစီးချုပ်များကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် ဗီယက်နမ်နိုင်ငံကာကွယ်ရေးဝန်ကြီး General Phung Quang Thanh နှင့် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြပြီး အဖွဲ့ဝင်များနှင့်အတူ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၅၀ တွင် ဗီယက်နမ်နိုင်ငံ Son Tay ပြည်နယ်ရှိ အမှတ်(၁၀၂) တပ်ရင်းကြီးနှင့် အမှတ်(၃၀၈) တပ်မကြီးသို့ သွားရောက်၍ ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် အမှတ်(၁၀၂)တပ်ရင်းကြီးကို ရောက်ရှိရာ တပ်ရင်းမှူးဖြစ်သူ Lt.Col.Dinh Van Dai က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အမှတ်(၁၀၂)တပ်ရင်းကြီးအတွင်းရှိ တပ်သမိုင်းပြခန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် အမှတ်(၃၀၈) တပ်မကြီးသို့ သွားရောက်လေ့လာကြရာ တပ်မကြီးမှူး Sr.Col. TRA. Quang Hoai နှင့် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံအလိုက် ကြည်းတပ်ဦးစီးချုပ်များအား အလေးပြုကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အမှတ်(၃၀၈) တပ်မကြီးမှ တာဝန်ရှိသူများက တပ်မနှင့်ပတ်သက်သည့် အချက်အလက်များအား ဗီဒီယိုမှတ်တမ်းဖြင့်လည်းကောင်း၊ တပ်သမိုင်းပြတိုက်၌ တပ်မကြီး၏ သမိုင်းကြောင်းဆိုင်ရာအချက်အလက်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်များ ရေးထိုးခဲ့ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ဟနွိုင်းမြို့ရှိ Melia Hotel ၌ကျင်းပပြုလုပ်သော ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lt.Gen. Nguyen Quoc Khanh နှင့်ဇနီးတို့မှ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ 15th ASEAN Chiefs of Army Multilateral Meeting (ACAMM-15) အစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်ဇနီးများ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီယက်နမ်ပြည်သူ့တပ်မတော်မှ ဒုတိယစစ်ဦးစီးချုပ် Lt.Gen.Nguyen Quoc Khanh က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ အာဆီယံနိုင်ငံများမှကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်တပ်မတော်တေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ညစာစားပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အစိုးရအဖွဲ့သစ်ကာလအတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | **တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေး အထောက်အကူပြုလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး** | ❖ ပထမနှစ်ဝင်ခွင့် ဘွဲ့ကြိုကျောင်းသား ကျောင်းသူများကို **မူလ ၁၅၀ ဦးဝင်ခွင့်ပြုခဲ့ရာမှ အစိုးရသစ်လက်ထက် ၂၀၁၀ ပြည့်နှစ်မှစ၍ ၂၅၀ ဦးသို့ တိုးမြှင့်**ခေါ်ယူခဲ့ပြီး အနာဂတ်နိုင်ငံတော်၏ အရှည်တည်တံ့သော သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရှိစေရေးနှင့် တိရစ္ဆာန်ဆေးကုမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေး အထောက်အကူပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် တိရစ္ဆာန်ဆေးပညာဆိုင်ရာနှင့်မွေးမြူရေးဆိုင်ရာဘာသာရပ်အလိုက် အထူးပြုကျွမ်းကျင်သောပညာရှင်များ မွေးထုတ်ပေးရန်ရည်ရွယ်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစပြီး တိရစ္ဆာန်ဆေးပညာရပ်များကိုသာ အထူးပြုသင်ကြားသော **တိရစ္ဆာန်ဆေးပညာဘွဲ့ (D.V.M) (၆)နှစ် သင်တန်း**အတွက် ၁၀၀ ဦးနှင့် မွေးမြူရေး ပညာရပ်များကိုသာ အထူးပြုသင်ကြားသော **မွေးမြူရေးပညာဘွဲ့ (B.A.Sc) ၄ နှစ်သင်တန်း**အတွက် ၁၅၀ ဦးခေါ်ယူပြီး သီးခြားစီ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်နှင့်လျော်ညီစွာ လုပ်ကိုင်ခွင့်ရရှိစေရန် OIE ၏လမ်းညွှန်ချက်နှင့်အညီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲလျက်ရှိပါသည်။<br>❖ မူလက B.V.S/ B.V.Sc၊ M.V.Sc နှင့် Ph.D ဘွဲ့တို့ကိုသာ အပ်နှင်းပေးခဲ့သော်လည်း ယခုအခါ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အစ္စရေးနိုင်ငံသို့ စေလွှတ်၍ လုပ်ငန်းခွင်သင်တန်း ၁၀ လတက်ရောက်ပြီးသူများကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ သင်တန်းခြောက်ပတ် တက်ရောက်စေပြီး သုတေသနစာတမ်းပြုစုစေကာ **မွေးမြူထုတ်လုပ်ရေးလုပ်ငန်းဒီပလိုမာဘွဲ့ (Dip. L.I.S)** ကို အပ်နှင်းပေးခဲ့ပါသည်။<br>❖ ထို့အပြင် ကျေးလက်ဒေသများ၌ သွားရောက်တာဝန်ထမ်းဆောင်နိုင်မည့် အလယ်အလတ်အဆင့် မွေးမြူရေးလုပ်ငန်းဝါသနာပါသူများ မွေးထုတ်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ စတင်၍ မွေးမြူထုတ်လုပ်ရေး ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို နေပြည်တော် |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| | | (ရေဆင်း)နှင့် ရန်ကုန် (အင်းစိန်) တို့၌ သင်တန်းကျောင်း နှစ်ခု ဖွင့်လှစ်ပြီး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၄၉ ဦးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် **မွေးမြူထုတ်လုပ်ရေးဒီပလိုမာဘွဲ့ (Dip. L.P.A)** ကိုအပ်နှင်းပေးခဲ့ပါသည်။ |
| ၂။ | **အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု** | ❖ ကျောင်းသား/သူများ စိတ်ပျော်ရွှင်ချမ်းမြေ့ရေး၊ စာရိတ္တမြင့်မားရေး၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ရေးနှင့် သွားလာမှုလွယ်ကူစေရန်အတွက် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ၊ ဖြည့်စွက်ခွင့်ပြုငွေများဖြင့် အောက်ပါအတိုင်း အဆောက်အအုံများကို ဆောက်လုပ်ပေးခဲ့ပါသည်-<br>❖ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် မုခ်ဦးတည်ဆောက်ပြီး ၂၉-၁၂-၂၀၁၃ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။<br>❖ တက္ကသိုလ်၏ အဓိကလမ်းမကြီးကို (၁၂) ပေ အကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် တက္ကသိုလ်အဝင်တံတားမှ မူလကတ္တရာလမ်းဟောင်းအထိ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါသဖြင့် ၂၉-၁၂-၂၀၁၃ ရက်နေ့တွင် လမ်းဖွင့်ပွဲ ပြုလုပ်ခဲ့ပါသည်။<br>❖ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၆၀ ပေ× ၄၉ ပေ RC နှစ်ထပ်စာသင်ဆောင်နှင့် ၆၀ပေ×၄၆ ပေ RC နှစ်ထပ် ကျောင်းသား/သူများ နားနေဆောင် ဆောက်လုပ်နိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်ပွဲပြုလုပ်မည်ဖြစ်ပါသည်။<br>❖ ကျောင်းသား/သူများ သွားလာမှုလွယ်ကူစေရန် စာသင်ခန်းများ၊ လက်တွေ့ခန်းများ ပတ်ဝန်းကျင်တွင် ကွန်ကရစ်လျှောက်လမ်းများ ခင်းခြင်းနှင့် (၂)ထပ်စာသင်ဆောင် အသစ်ရှေ့တွင် ကွန်ကရစ်လမ်း ခင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။<br>❖ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်း ဘတ်ဂျက်ငွေဖြင့် အိပ်ဆောင်များ ပြုပြင်ဆေးသုတ်ခြင်း၊ ဘောလုံးကွင်း၊ ဘော်လီဘောကွင်းများ ပြုလုပ်ပေးခြင်း၊ ထမင်းစားဆောင်စားပွဲများ၊ အိပ်ဆောင်ခုတင်များ ပြုပြင်ပေးခြင်း၊ ဝန်ထမ်းလိုင်းများသို့ ရေပိုက်လိုင်း သီးခြားသွယ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။<br>❖ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေရရှိပါက ကျောင်းသားကျောင်းသူ (၂၀၀) ဆံ့ (၅၆) ခန်းပါ RC (၂)ထပ်အိပ်ဆောင် (၃)ဆောင် ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ |

■ *ကျောဖုံးမှ*

တစ်ပြိုင်နက်တည်းထွက်ပေါ်လာမယ့် အာရှဂီတသံတစ်ခုကို ဖန်တီးတင်ဆက်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဂျပန်နိုင်ငံအနေနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အနေနဲ့ ခမ်းနားစွာကျင်းပမှာဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က အာရှတိုက်အတွင်းက လူမျိုးပေါင်းစုံ နိုင်ငံပေါင်းစုံက ရိုးရာဂီတတွေအားလုံးကို စုစည်းပြီး တညီတညွတ်တည်း ဖြစ်လာမယ့် အာရှရဲ့အသံဆိုတာကို ဖော်ထုတ်သွားဖို့ ရည်ရွယ်ထားတဲ့အတွက် ၂၀၁၃ ခုနှစ်ကတည်းကနေ စတင်ကြိုးပမ်းခဲ့ပါတယ်။ အားလုံးကို အိုလံပစ်ပွဲတော်မှာ အတူတကွ ပူးပေါင်း တင်ဆက်မယ်”ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဌာနမှ တာဝန်ခံ မစ္စတာ မတ်ဆုအိုကာယူဇူကဲက ပြောကြားသည်။

ဂျပန်နိုင်ငံအနေဖြင့် အာဆီယံနှင့် ဆက်စပ်ခွင့်ရရှိပြီး ယဉ်ကျေးမှုနှင့် အနုပညာများ ပူးပေါင်းဖလှယ်ခွင့် ရရှိသည့်အတွက် အထူးဂုဏ်ယူကြောင်း၊ မြန်မာအပါအဝင် အာဆီယံလူ့ဘောင်အဖွဲ့အစည်း တိုးတက်မှုကို ဂျပန်နိုင်ငံက အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ One Asia joint concert ကို မြန်မာနိုင်ငံအပါအဝင် ဘရူနိုင်းနှင့် ဗီယက်နမ်နိုင်ငံများတွင်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အာရှတိုက်အတွင်းမှ တူညီသည့် နှလုံးသားဂီတသံတစ်ခုကို ရိုးရာဂီတပညာရှင်များအားလုံး စုပေါင်းကာ ဖော်ထုတ်သွားကြရန် ရည်ရွယ်ထားကြောင်း မစ္စတာ မတ်ဆုအိုကာက ပြောကြားသည်။

“ကျွန်တော်တို့ဘက်က ဂီတပညာရှင်ငါးဦးကို ရွေးချယ်ထားပါတယ်။ အားလုံးက ရိုးရာဂီတကို ပြန်လည်သင်ကြားမျှဝေနေတဲ့ ပညာရှင်တွေဖြစ်ပြီး အနုပညာတက္ကသိုလ် (ရန်ကုန်)က ဆရာ ဆရာမတွေဖြစ်ပါတယ်။ အာရှတိုက်အတွင်း ရိုးရာဂီတက နီးစပ်မှုရှိရုံမက ဂီတအမျိုးအစားတွေ စုပေါင်းပြီး သံစုံတီးဝိုင်းအနေနဲ့ တင်ဆက်တဲ့အခါမှာ အလွန်လိုက်ဖက်ညီတဲ့ ဂီတသစ်တစ်ခုကို ဖန်တီးနိုင်တာတွေ့ရတယ်။ ပထမပိုင်းမှာ မြန်မာ့တူရိယာတွေဖြစ်တဲ့ စောင်း၊ ပတ်ဝိုင်း၊ ကြေးနောင်ဝိုင်း၊ နှဲတို့နဲ့ ပေါင်းစပ်ဖို့ စီစဉ်ထားပေမယ့် နောက်ပိုင်းမှာ အသံမြိုင်အောင် ခြောက်လုံးပတ် ထည့်သွင်းထားပါတယ်။ စိတ်ဝင်စားစရာကောင်းမယ်လို့ အပြည့်အဝယုံကြည်ပါတယ်”ဟု ဂီတပညာရှင် မောင်မောင်ဇော်လတ်က ပြောကြားသည်။

ဂီတပညာရှင်များ ဖြစ်သည့် ဒေါ်ချိုသက်တင်က စောင်းဖြင့်လည်းကောင်း၊ ဦးမျိုးမင်းအောင်က ပတ်ဝိုင်းကိုလည်းကောင်း၊ ဦးမျိုးမင်းသန်းက နှဲတူရိယာကိုလည်းကောင်း၊ ဦးမင်းမင်းစိုးက ကြေးနောင်ဝိုင်းကိုလည်းကောင်း၊ ဦးဟန်ဝင်းအောင်က ခြောက်လုံးပတ်ဝိုင်းကိုလည်းကောင်း ဦးဆောင်တီးခတ်သွားမည်ဖြစ်သည်။

အဆိုပါ One Asia joint concert အတွင်း ဂျပန်နိုင်ငံမှ လူငယ်ရိုးရာဂီတပညာရှင်ရှစ်ဦးက ပူးပေါင်းပါဝင် တင်ဆက်မည်ဖြစ်ပြီး ယင်းရှစ်ဦးပါဝင်သည့် AUN J Classic Orchestra အဖွဲ့သည် ယနေ့မှစတင်ကာ ဘရူနိုင်းနှင့် ဗီယက်နမ်နိုင်ငံများသို့ ရိုးရာဂီတပူးပေါင်းဖျော်ဖြေပွဲများ သွားရောက်ပြုလုပ်ပြီး ဒီဇင်ဘာ ၉ ရက်တွင် ခုနစ်နိုင်ငံမှ ရိုးရာဂီတပညာရှင်များ ရန်ကုန်သို့ စုစည်းရောက်ရှိကာ ပူးတွဲလေ့ကျင့်ခြင်းနှင့် အာရှတိုက်၏ နှလုံးသားဂီတ One Asia ကို ဖော်ထုတ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် မြန်မာပြည်သူများကို အမျိုးသားဇာတ်ရုံ၌ အခမဲ့ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း ပွဲအခမ်းအနားတာဝန်ရှိသူ Brain Myanmar မှ မန်နေဂျင်းဒါရိုက်တာ ကိုသန်းကျော်ထွန်းက ပြောကြားသည်။

“ဂီတဆိုတာ လူမျိုးချင်း၊ နိုင်ငံချင်းဆက်သွယ်ရာမှာ အလွယ်ကူဆုံး ချိတ်ဆက်မိတဲ့ ဘာသာစကားတစ်ခုဖြစ်ပါတယ်။ အခုလို နိုင်ငံတကာနဲ့ ပူးတွဲဆောင်ရွက်ခွင့်ရတာ ကျွန်တော်တို့အတွက် ပိုမိုဆန်းသစ်တဲ့ မြန်မာ့ဂီတတွေ ထွက်ပေါ်လာဖို့ လမ်းစတစ်ခုဖြစ်ပါတယ်”ဟု ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးသုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းမောင်က ပြောကြားသည်။

အဆိုပါဖျော်ဖြေပွဲကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပူးပေါင်းတင်ဆက် ခြင်းဖြစ်ပြီး ယင်းပွဲတော်သည် မြန်မာ-ဂျပန် ဆက်ဆံရေးနှစ်(၆၀)ပြည့်ပွဲတော်များ၏ နောက်ဆုံးကျင်းပသော ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

OCTAGON
AUTOMOBILE & MACHINERY SERVICES CO., LTD
BMW
KONE

| No. | Job Title | Experience | Qualification | No. of Requirement | Brand |
|---|---|---|---|---|---|
| 1 | Installation Manager | at least 5 to 10 years experience in escalator & elevator fields. | M.E / B.E / A.G.T.I / G.T.I / B.Tech | 1 persons | KONE |
| 2 | Test & Commissioning Manager | at least 5 to 10 years experience in escalator & elevator fields. | M.E / B.E / A.G.T.I / G.T.I / B.Tech | 1 persons | KONE |
| 3 | Service Technician | 3 years experience in installation and maintenance of escalator & elevator.English speaking & Writing | M.E / B.E / A.G.T.I / G.T.I / B.Tech | 40 persons | KONE & BMW |
| 4 | Admin Staff | Good Communication with English speaking,writing, and Microsoft Word,Excel,Powerpoint | Any Graduate | 40 persons | KONE |
| 5 | Sales Consultant | 2 years experience in related Field | Any Graduate | 2 persons | BMW |
| 6 | Security | Good health,Good looking,weight at least 100 pound,high 5'5",No smoking,no alcoholic drink,no eat betel vine,stay in Yangon | Middle School | 10 persons | BMW |
| 7 | Cleaner | Good Looking,self neat & tidy,at least 100 pound & high 5'3",no eat betle vine,atay in Yangon | Middle School | 5 persons | BMW |

Please send your CV,copy of degree certificate, NRc,Labour Registration card (if any) and recent (3) photo to:
Octagon Automobile and Machinery Services Co.,Ltd
No.106.108,Corner of Hnin-si-kyone street and Baho Street,Alone township.
And No. 485,Corner of Pyay Road and Narnattaw Street,Kamayut Township,Yangon.Myanmar.
Email Address:hr@oams-kn.com / hr@pac-bmw.com
Tel: 09-49342253
Closing Date (31.12.2014)

ရွှေနဂါး
(ဝရိတ်ငြိမ်း)
ကျိုက်ထီးရိုး(နေ့စဉ်)-35000
ချောင်းသာ (နေ့စဉ်)-55000
ကားမျိုးစုံ စီးလုံးငှားသည်။
209077, 209388, 09-73167000

**ဆုမဲအမှန်**

(၃၁၁) ကြိမ် အောင်ဘာလေ သိန်းထီဖွင့်ပွဲတွင် ကန်တော်ကြီး +(၇) ထီပေါက်စဉ်အချို့၌ ကျပ်ငါးသိန်းဆု င- ၂၇၂၃၁၅ အစား င-၂၇၂၁၃၅ အမှန်ဖြစ်ပါသည်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## Fluid Mechanics Setup များအတွက် Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နည်းပညာတက္ကသိုလ်များတွင် တပ်ဆင်အသုံးပြုရန် Fluid Mechanics (Hydraulic Laboratory) များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်စာရင်းများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁ ရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည်ဖြစ်ပါသည်။

၂။ Open Tender ပုံစံများကို ၂-၁၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁ တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၈-၁၂-၂၀၁၄ ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ Open Tender ပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အားကစားနှင့် ကျော်ကြား

# စပိန်ဘုရင့်ဖလား ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်တွေလာပြီ

မိုးမြင့်လင်းလက်

စပိန်ဘုရင့်ဖလား ၃၂သင်း ရှုံးထွက်အဆင့်ပွဲစဉ်တွေကို ဒီဇင်ဘာ ၃ရက် နဲ့ ၄ ရက်တွေမှာ ကစားပါလိမ့်မယ်။ရှုံးထွက်အဆင့်မှာ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားရမှာဖြစ်ပြီး ဘာစီလိုနာတို့လို အသင်းကြီးတွေရဲ့ စွမ်းဆောင်မှုတွေအပေါ် အကဲခတ်ခွင့် ရရှိကြဦးမှာဖြစ်ပါတယ်။

**ဟူစကာနှင့် ဘာစီလိုနာ**

အရန်ကစားသမားတွေနဲ့ ပွဲထွက်လာဖို့ရှိနေတဲ့ ဘာစီလိုနာဟာ အသင်းငယ်ဟူစကာကို နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။ ဟူစကာဟာ အိမ်ကွင်းမှာ အကောင်းဆုံးပုံစံရအောင် ကစားတတ်တာကြောင့် ဘာစီလိုနာတို့ လွယ်ကူမှာတော့မဟုတ်ပါဘူး။ ဒါပေမယ့် ဘာစီလိုနာတို့က အမှတ်ပြည့် ရယူဖို့ကြိုးစားမှာမို့ ဒီပွဲဟာ ဘာစီလိုနာတို့အတွက် နိုင်ပွဲဖြစ်ပါလိမ့်မယ်။

**အလာဗက်စ်နှင့် အက်စ်ပန်ညို**

အလာဗက်စ်ရဲ့ အိမ်ကွင်းရလဒ်ကကောင်းနေတာမို့ အက်စ်ပန်ညိုတို့ပေါ့ဆလို့မရပါဘူး၊ အက်စ်ပန်ညိုရဲ့ အဝေးကွင်းရလဒ်က ဆိုးရွားနေတာမို့ နိုင်ပွဲတွေဆက်နေတဲ့ အလာဗက်စ်တို့ပဲ ဒီပွဲရဲ့ရလဒ်ကို ပုံဖော်ပါလိမ့်မယ်။

**ဒီပို့တီဗိုနှင့် မာလာဂါ**

ဒီပို့တီဗိုရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်က အားရစရာမရှိပါဘူး။ မာလာဂါတို့ကတော့ခြေစွမ်း တက်ရိပ်ပြနေတာမို့ အခုပွဲမှာ ဒီပို့တီဗိုကို ဖိအားပေးကစားပါလိမ့်မယ်။ ဒီပို့တီဗိုတိုက်စစ်မှူးတွေက ဂိုးသွင်းမသေချာတာမို့ မာလာဂါတို့ရဲ့ အားထုတ်မှုကို ယုံကြည်မှုပေးရမှာ ဖြစ်ပါတယ်။

**အယ်လ်ဘာစီးတီးနှင့်လီဗန်တေး**

အိမ်ကွင်းမှာ နှစ်ပွဲဆက်တိုက်နိုင်ပွဲရထားတဲ့ အယ်လ်ဘာစီးတီးဟာ လီဗန်တေးကို အကောင်းဆုံး တန်ပြန်ကစားပါလိမ့်မယ်။ လီဗန်တေးတို့ကလည်း နိုင်ပွဲတွေဆက်နေတာမို့ အခုပွဲဟာ ပွဲကောင်းအဖြစ်မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ အနိုင်ရလိုမှု ပြင်းထန်တဲ့ အယ်လ်ဘာစီးတီးတို့ပဲ အမှတ်ပြည့်ယူပါလိမ့်မယ်။

**ဗယ်လက်ကာနိုနှင့်ဗလင်စီယာ**

နှစ်သင်းစလုံး ခြေစွမ်းက အားရစရာမရှိပေမယ့် အိမ်ရှင်ဖြစ်တဲ့ ဗယ်လက်ကာနို တိုက်စစ်မှူးတွေက အဆုံးသတ်ပိုင်းမှာ ပိုပြီးကောင်းမွန်ပါတယ်။ ဒါပေမယ့် ဗယ်လက်ကာနို နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားတာမို့ ဗလင်စီယာဟာ အနိမ့်ဆုံးသရေကစားပြီး အိမ်ပြန်ဖို့ကြိုးစားပါလိမ့်မယ်။

**ကာဒစ်ဇ်နှင့် ဗီလာရီးရဲလ်**

စပိန် ဘုရင့်ဖလားပွဲမှာ စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားတတ်တဲ့ ကာဒစ်ဇ်ဟာ ဗီလာရီးရဲလ်ကို အိမ်ကွင်းမှာ အခက်တွေ့အောင် ကစားပါလိမ့်မယ်။ ဒီနှစ် ဘောလုံးရာသီမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ ကာဒစ်ဇ်ကို ဗီလာရီးရဲလ်တို့ ခြေကုန်ထုတ်ရမယ့်ကိန်းဖြစ်ပါတယ်။ ဗီလာရီးရဲလ်ရဲ့အားထုတ်မှုက မြင့်မားနေတာမို့ အခုပွဲမှာ ဗီလာရီးရဲလ်ကိုပဲ ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

**ဂရန်နာဒါနှင့် ကော်ဒိုဗာ**

ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဒီနှစ်သင်းဟာ နောက်တစ်ဆင့်တက်ရေး အပြိုင်ကြိုးစားမှာဖြစ်ပါတယ်။ ကော်ဒိုဗာရဲ့စွမ်းဆောင်မှုက မာကျောတာမို့ အိမ်ကွင်းမှာ ဂရန်နာဒါတို့ အခြေအနေမကောင်းနိုင်ပါဘူး။

# ရီးရဲမက်ဒရစ်ကို ဘာစီလိုနာအမီလိုက်လာ

စပိန်လာလီဂါပွဲစဉ် (၁၃)လက်ကျန်အဖြစ် ဘာစီလိုနာနှင့် ဗလင်စီယာတို့ ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာက အဝေးကွင်းတွင်အနိုင်ရလိုက်သည်။ ဘာစီလိုနာအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဆာဂျီယိုဘက်စ်ကွက်က မိနစ် ၉၀ တွင် သွင်းယူခဲ့သည်။ ယင်းအနိုင်ပွဲကြောင့် ထိပ်ဆုံးရောက် ရီးရဲမက်ဒရစ်နှင့် နှစ်မှတ်အကွာလိုက်လာသည်။ ဘာစီလိုနာအသင်းအနေဖြင့် ဖလားရရှိရန်မျှော်မှန်းထားသည်။ လေလွင့်ချိန်တွင် မက်ဆီအကွက်ဆင်ပေးလိုက်သော ဘောလုံးမှတစ်ဆင့် ဘက်စ်ကွက်ကအနိုင်ဂိုးသွင်းယူခဲ့သည်။ ၎င်းသည် ၁၄ လအတွင်း ပထမဆုံးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဗလင်စီယာက ယခုနှစ်ရာသီ ပထမဆုံးအိမ်ကွင်းရှုံးပွဲကြုံ၍ ဇယားနံပါတ် (၅) သို့ ဆင်းသွားသည်။ လီဗာပူးတိုက်စစ်မှူးဟောင်း ဆွာရက်ဇ်သည် အစောပိုင်းတွင် အကောင်းဆုံးအခွင့်အရေးနှစ်ကြိမ် လွဲချော်ခဲ့၍ ဘာစီလိုနာတို့သွင်းဂိုးနည်းခဲ့ရသည်။

# စပါးနိုင်ပွဲရ

ပရီမီယာလိဂ်ပွဲစဉ် (၁၃)လက်ကျန်ပွဲအဖြစ် စပါးနှင့်အဲဗာတန်တို့ပွဲတွင် စပါးကနှစ်ဂိုး- တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် ဆိုဒါဒိုက ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် စပါးအတွက် ပထမဆုံးဂိုးသွင်းယူခဲ့သည်။

အဲဗာတန်က ပွဲချိန် ၁၅မိနစ်တွင် မီယာလက်စ်က အဖွင့်ဂိုးသွင်းယူပေးပြီး ပွဲကို ဦးဆောင်ခဲ့သော်လည်း ပွဲချိန် ၂၁ မိနစ်တွင် အဲရစ်ဆင်က စပါးအတွက် ချေပဂိုး သွင်းယူပေးသည်။ ဆိုဒါဒိုက ပွဲချိန် ၄၅ မိနစ်တွင် စပါးအတွက် ဒုတိယဂိုးသွင်းပေးပြီး ပွဲပြီးသည်အထိ နှစ်ဖက်စလုံး ဂိုးထပ်မသွင်းနိုင်ဘဲ စပါးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## ပရီမီယာလိဂ်၊ လီဂူး နှင့် ဖလားပွဲစဉ်များ (သီဟ)

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၄) — ဒီဇင်ဘာ ၃**

| | | | |
|---|---|---|---|
| ဘန်လေ | - | နယူးကာဆယ် | နံနက် ၂း၁၅ |
| လက်စတာ | - | လီဗာပူး | နံနက် ၂း၁၅ |
| မန်ယူ | - | စတုတ်စီးတီး | နံနက် ၂း၁၅ |
| ဆွမ်ဆီး | - | ကျူပီအာ | နံနက် ၂း၁၅ |
| ပဲလေ့စ် | - | အက်စ်တွန်ဗီလာ | နံနက် ၂း၃၀ |
| ဝက်စ်ဘရွန်း | - | ဝက်စ်ဟမ်း | နံနက် ၂း၃၀ |

**ပြင်သစ်လီဂူး ပွဲစဉ်(၁၆) — ဒီဇင်ဘာ ၃**

| | | | |
|---|---|---|---|
| လော်ရီယန့် | - | မာဆေး | နံနက် ၀၀း၃၀ |
| နန့်တက်စ် | - | တူးလော့စ် | နံနက် ၀၀း၃၀ |
| မိုနာကို | - | လန်းစ် | နံနက် ၂း၃၀ |

**အီတလီ ကိုပါအီတာလီယာဖလား — ဒီဇင်ဘာ ၂/၃**

| | | | |
|---|---|---|---|
| လာဇီယို | - | ဗာရီဆီ | ည ၉း၃၀ |
| ဆက်ဆူအိုလို | - | ပက်စ်ကာရာ | ည ၁၁း၃၀ |
| ဗီရိုနာ | - | ပီရူဂျီယာ | နံနက် ၂း၃၀ |

**စပိန် ကိုပါဒယ်လ်ရေးဖလား — ဒီဇင်ဘာ ၃**

| | | | |
|---|---|---|---|
| အယ်ကိုရာနို | - | ဘီလ်ဘာအို | နံနက် ၁း၃၀ |
| အလာဗက်စ် | - | အက်စ်ပန်ညို | နံနက် ၁း၃၀ |
| ရီးရဲမက်ဒရစ် | - | ကော်နယ်လာ | နံနက် ၁း၃၀ |
| လက်စ်ပါလ်မားစ် | - | ဆယ်လ်တာဗီဂို | နံနက် ၃း၃၀ |
| ဗယ်လာဒိုလစ် | - | အယ်လ်ချီ | နံနက် ၃း၃၀ |

**နိုဝင်ဘာ ၃၀/ ဒီဇင်ဘာ ၁ ဂိုးရလဒ်များ**

| | | |
|---|---|---|
| ဘော်ဒိုး | ၁-၀ | လိုင်လီ |
| စိန့်အက်တီယန် | ၃-၀ | လိုင်ယွန် |
| ဝုဖ်ဘတ် | ၁-၀ | မိုချန်ဂလက်ဘတ် |
| ဖရန့်ဖတ် | ၂-၀ | ဒေါ့မွန် |
| ကက်ဂလီယာရီ | ၀-၄ | ဖီအိုရင်တီးနား |
| ဆီစီနာ | ၀-၃ | ဂျီနိုအာ |
| ပါလာမို | ၂-၁ | ပါးမား |
| အေစီမီလန် | ၂-၀ | အူဒီးနိစ် |
| ဂျူဗင်တပ်စ် | ၂-၁ | တိုရီနို |
| ရိုးမား | ၄-၂ | အင်တာမီလန် |
| အက်သလက်တီကို | ၂-၀ | ဒီပို့တီဗို |
| ဆီဗီလာ | ၅-၁ | ဂရန်နာဒါ |
| ကော်ဒိုဘာ | ၀-၂ | ဗီလာရီးရဲလ် |



ကြော်ငြာ


Number One Directory in Myanmar
YELLOW PAGES
The YANGON DIRECTORY
LUCKY DRAW
CONGRATULATIONS ALL WINNERS
အာပဲလိုလို
Everything U Need
'၂၀၁၄ ခုနှစ် ကံစမ်းမဲအစီအစဉ်မှ ကံထူးရှင်များ'
1st March
CB Bank Master Card 500,000 Ks
Unique Number - 014663
ဦးဝေရှင်း – ၅/ခလတ (နိုင်)၀၀၀၉၁၉
16th March
HTC One Max
Unique Number - 012684
မအေးအေးအောင် – ၁၂/သကတ(နိုင်)၁၇၀၈၁၀
1st April
Canon Camera Eos1100D
(3)Persons
Unique Number - 017146
ဦးမြင့်နိုင် – ၉/တကန(နိုင်)၀၀၁၄၁၃
Unique Number - 062859
ဦးအောင်အောင်ကျော် – ၁၂/မဂတ(နိုင်)၀၈၇၀၂၅
Unique Number - 064878
မခင်ညိုညိုဆင့် – ၁၂/အလန(နိုင်)၀၀၂၆၆၃
16th April
Samsung Galaxy S5
Unique Number - 050086
ဦးကျော်မင်းသူ – ၁၂/ကမတ(နိုင်)၀၆၃၉၄၂
1st May
I Pad Air 32GB 4G
Unique Number - 002593
မမေသူနွေဦး – ၁၂/လသယ(နိုင်)၀၆၂၂၉
16th May
HP Laptop Pavillion 14-n022tx
Unique Number - 049384
မဆုသဉ္ဇာလှိုင် – ၁၂/မဂဒ(နိုင်)၀၅၀၅၉၆
1st June
Gold( Shwe Nan Daw)
Unique Number - 034393
ဦးကျော်ကျော်ဆွေ– ၁၄/မမန(နိုင်)၀၂၅၆၀၂
16th June
42" LG 3D Smart TV
Unique Number - 030123
မသိမ့်သိမ့်ရှိန်– ၁၂/မမန(နိုင်)၁၃၇၂၂၀
1st July
Tar Li Gold Shop 10 Lkh
Unique Number - 028996
ဒေါ်မြင့်မြင့်စန်း– ၁၂/မရက(နိုင်)၀၁၅၉၇၅
16th July
Sony Xperia Z2
Unique Number - 106418
ဦးနေရိုးနိုင်– ၅/မရန(နိုင်)၁၃၈၅၅၂
1st August
Dunlopillo Mattress 10 Lkh Gift Card
Unique Number - 006313
ဒေါ်အေးအေးမြင့်– ၁၂/ကတတ(နိုင်)၀၂၄၃၅၂
16th August
LG 3G Smart Phone
Unique Number - 011614
မမြကေခိုင်– ၁၂/အလန(နိုင်)၀၄၀၇၉၇
1st September
Massimo Sofa Set 10Lkh Gift Card
Unique Number - 034401
မမေသဉ္ဇာ– ၁၄/ပသတ(နိုင်)၁၆၄၀၇၄
16th September
Chaung Thar Trip
(5)Persons
Unique Number - 006738
ကိုမျိုးစည်သူဝင်း–၁၂/ကတတ(နိုင်)၀၂၇၂၈၇
Unique Number - 028360
မရိုးသီတာ–၁၂/ကဝန(နိုင်)၁၄၉၉၀၂
Unique Number - 014939
ကိုအောင်မျိုးလှိုင်–၁၃/မရတ(နိုင်)၀၀၈၃၃၁
Unique Number - 001673
မနွေးနွေးအောင်–၁၂/သဃက(နိုင်)၁၈၈၃၃၈
Unique Number - 015359
မမြစန္ဒာ–၁၃/မရန(နိုင်)၀၀၀၁၉၆
1st October
Sinma Furniture 10 Lkh Gift Card
Unique Number - 012238
ဦးမြင့်အောင်– ၁၂/လမတ(နိုင်)၀၀၄၃၇၈
16th October
i Phone 6 16GB
Unique Number - 014210
မမြစန္ဒာအေး– ၁၂/စခန(နိုင်)၀၃၇၄၈၈
1st November
Sinma Furniture 6 Lkh Gift Card
(2)Persons
Unique Number - 009633
မနှင်းဝတ်ရည်ဦး– ၁၂/သဃက(နိုင်)၁၆၆၁၃၃
Unique Number - 010478
ကိုကျော်ကျော်ထက်– ၇/လပတ(နိုင်)၁၂၅၇၅၂
16th November
Bangkok Trip
Unique Number - 016389
ဦးစိုးဝင်း– ၁၂/လမန(နိုင်) ၀၂၄၁၀၆
HOT LINE 01-8619277
www.yangondirectory.com
Email : promotion@yangondirectory.com
Phone : 01- 9000 712, 01 9000 713
အထက်ပါဆုပစ္စည်းများအပြင် အခြားစိတ်လှုပ်ရှားဖွယ်ရာ ကံစမ်းမဲအစီအစဉ်များနှင့် ဆုမဲပေါင်းများစွာ..
တစ်နှစ်ပတ်လုံးအတွက် စုစုပေါင်း သိန်း ၇၀၀ ကျော်

# လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း

**လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၆ ခုနှစ်၊ လ ရက်**
**( ၂၀၁၄ ခုနှစ်၊ လ ရက် )**

**နိဒါန်း**

နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး လူနေမှုဘဝမြင့်မားစေရေး၊ အရည်အသွေး ပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာရရှိစေရေး၊ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဦးတည်၍လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်း**ဆိုသည်မှာ နိုင်ငံတော်အတွင်း လူဦးရေ သိပ်သည်းမှု များပြားခြင်း၊ လူဦးရေတိုးနှုန်းမြင့်တက်ခြင်းနှင့် ကလေး မွေးဖွားနှုန်းမြင့်မားခြင်းတို့ မဖြစ်စေရန် ထိန်းညှိခြင်းကို ဆိုသည်။

(ခ) **ကျန်းမာရေးစောင့်ရှောက်မှု**ဆိုရာတွင် အန္တရာယ်ကင်းသော မိခင်နှင့် ကလေးဘဝ ရရှိစေရန် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှု ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက်သားလျှောမှုနှင့် ယင်းကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ခြင်းနှင့် ယင်းတို့အတွက် အသိပညာပေးခြင်းများပါဝင်သည်။

(ဂ) **သားဆက်ခြားခြင်း**ဆိုသည်မှာ အိမ်ထောင်ရှင်မိခင်တစ်ဦး ကလေး မွေးဖွားပြီးနောက် အနည်းဆုံး ၃၆ လ ခြားပြီးမှ နောက်ထပ်ကလေး မွေးဖွားခြင်းကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီး ဌာနကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနတစ်ခုခုကို ဆိုသည်။

( စ )**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေ လူဦးရေ တိုးပွားနှုန်းထိန်းညှိ ခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့လည်း ပါဝင်သည်။

(ဆ) **မြို့နယ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြို့နယ်လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဆိုသည်။

**အခန်း (၂)**
**ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်မည့် ဒေသသတ်မှတ်ခြင်း**

၃။ ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့တို့သည် မိမိတို့ဒေသအတွင်း လူဦးရေသိပ်သည်းမှု များပြားခြင်း၊ လူဦးရေတိုးနှုန်းမြင့်တက်ခြင်း၊ ကလေးမွေးဖွားနှုန်းမြင့်မားခြင်း၊ မိခင်နှင့် ကလေး သေနှုန်းမြင့်မားခြင်းနှင့် ပြောင်းရွှေ့ဝင်ရောက်နှုန်း မြင့်မားခြင်းတို့ကြောင့် လူဦးရေ နှင့် သယံဇာတအရင်းအမြစ် အချိုးညီမျှမှုမရှိခြင်း၊ လူမှုစီးပွားရေး အညွှန်းကိန်း များ နိမ့်ကျခြင်းနှင့် ဒေသတွင်း စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းတို့ ပေါ်ပေါက် ခြင်း ရှိ၊ မရှိ သိရှိသုံးသပ်နိုင်ရန် ကျွမ်းကျင်သူများ၏ အကူအညီရယူ၍ စစ်တမ်း ကောက်ယူနိုင်သည်။

၄။ ပုဒ်မ ၃ပါ အချက်များပေါ်ပေါက်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စု နယ်မြေ အုပ်ချုပ်မှုအဖွဲ့သည် နိုင်ငံတော်သမ္မတထံ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လည်းကောင်း တင်ပြရမည်။

၅။ ပုဒ်မ ၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေအတွက် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာ ဒေသအတွက် လည်းကောင်း ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် အထူးဒေသအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်။

၆။ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် အထူးဒေသအဖြစ် သတ်မှတ်လျှင် -

(က) ဝန်ကြီးဌာနသည် ယင်းအထူးဒေသများအတွက် မိမိ၏လုပ်ငန်းတာဝန် များကို စတင်ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ကို ဖွဲ့စည်း၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရ မည်။

၇။ (က) ကျန်းမာရေးစောင့်ရှောက်မှုကို ဤဥပဒေအရ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ကြောင်း တွေ့ရှိရပါက ပြည်ထောင်စုနယ်မြေဖြစ်လျှင် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေးအဖွဲ့က နိုင်ငံတော်သမ္မတထံ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်လျှင် သက်ဆိုင် ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စု အစိုးရအဖွဲ့သို့ လည်းကောင်း တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ရမည့် အထူးဒေသအဖြစ် ထုတ်ပြန်ထား သည့် အမိန့်ကြော်ငြာစာကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

**အခန်း (၃)**
**ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ**

၈။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ အမျိုးသား ကျန်းမာရေး မူဝါဒနှင့်အညီ လိုအပ်သလို လမ်းညွှန်ခြင်း၊

(ခ) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် ဦးစီးဌာနများနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဂ ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း ပြည်ပ စေတနာရှင်များထံမှ လှူဒါန်းမှုများကို လက်ခံခြင်း၊ အကူအညီ ရယူခြင်းနှင့် လက်ခံရရှိသောဆေးဝါး၊ ငွေနှင့် ကျန်းမာရေးအထောက် အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုရန် စီမံဆောင်ရွက်ခြင်း နှင့် ကြီးကြပ်ခြင်း၊

(ဃ) လက်ခံရရှိသောဆေးဝါးများ အရည်အသွေးပြည့်မီခြင်း ရှိ မရှိနှင့် အသုံးပြုရန် သင့် မသင့် စစ်ဆေးခြင်း၊

(င) ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောဆေးဝါးနှင့်ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ဖြန့်ဖြူးခြင်း၊

(စ) ကျန်းမာရေးစောင့်ရှောက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်မည့် သူများ၏ အရည်အသွေး တိုးတက်မြင့်မားစေရန် စီမံဆောင်ရွက်ခြင်း၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူဦးရေပြောင်းလဲမှုတို့ အပြန်အလှန်ဆက်စပ်မှုကို သုတေသနပြုခြင်း။

**အခန်း (၄)**
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၉။ (က) ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် အထူး ဒေသနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့သည် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာ ရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းရမည် -

(၁) လူမှုရေးဝန်ကြီး — ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၂) ဦးစီးဌာနမှူး — ဒုတိယဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာန

(၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

(၄) ပညာရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံး

(၅) ဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(၆) ဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး

(၇) ဆေးရုံအုပ်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး

(၈) သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး

(၉) ကလေးအထူးကုဆရာဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး

(၁၀) ဥက္ကဋ္ဌ — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့

(၁၁) ဥက္ကဋ္ဌ — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့

(၁၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံဆရာဝန်အသင်း

(၁၃) အုပ်ချုပ်ရေးမှူးများ — အဖွဲ့ဝင်
သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၁၄) ဦးစီးဌာနမှူးများ — အဖွဲ့ဝင်
သက်ဆိုင်ရာခရိုင်ကျန်းမာရေးဦးစီးဌာန

(၁၅) ဒုတိယဦးစီးဌာနမှူး — အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာန

(ခ) ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်သည် ပြည်ထောင်စုနယ်မြေအတွက် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၀။ ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့သည် သက်ဆိုင်ရာပြည်ထောင်စု နယ်မြေအတွက် ပြည်ထောင်စုနယ်မြေ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင် ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို သင့်လျော်သလို ဖွဲ့စည်းဆောင်ရွက်နိုင် သည်။

၁၁။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) မြို့နယ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ဆန်းစစ်ခြင်း၊

(ဂ) မြို့နယ်အဖွဲ့၏ အစီရင်ခံတင်ပြချက်များအပေါ် လိုအပ်သလို ပြန်လည်ညွှန်ကြားခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ် သော

**စာမျက်နှာ ၁၆ သို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၃၅၁၁၆၊ Dayamg 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်မင်းဦး ၇/တငန(နိုင်)၀၂၄၄၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၆၂၂၁၇၊ Shayan 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကို ၉/မဟမ(နိုင်)၀၁၁၂၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ယ/၈၅၆၆၆၊ Jialing JL90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အမာစိန် ၉/မနမ(နိုင်)၀၄၉၈၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၅၃၄၇၅၊ ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဝင်း ၉/ညဉန(နိုင်)၁၄၁၀၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

**ဖခင် အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အထက မော်လူး၊ စတုတ္ထတန်း(က)မှ မသိမ့်သိမ့်အောင်၏ဖခင်အမည်မှန်မှာ ဦးတင်ထူးအောင် ၅/အတန(နိုင်)၀၈၈၈၉၆ဖြစ်ပါကြောင်း။ **ဦးတင်ထူးအောင်**

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၄ခုနှစ် တရားမပထမအယူခံမှု-၁၉၆**

မလွင်လွင်(ခ)အမာလွင် **နှင့်** ဒေါ်ကျမေလားလ်(ပါ-၆)
**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၄ခုနှစ် စက်တင်ဘာ ၈ရက်စွဲပါ မန္တလေးခရိုင်၊ တရားမရုံးတော်မှ မကြီး ၁၀၀/၂၀၁၂ကို အယူခံမှု။

အယူခံတရားပြိုင် (၃)မဥမ္မာ၊ (၅)မအူမား၊ ၈၉လမ်း၊ ၂၀×၂၁လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင်တရားရုံးက ချမှတ်ပေးသည့် ဒီကရီကို မလွင်လွင်(ခ) အမာလွင်က အယူခံရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၁ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်)တွင် ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**တင်ထွေးဦး**
**ဒုတိယညွှန်ကြားရေးမှူး၊**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**ကန့်ကွက်နိုင်ပါသည်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အေးမြသာယာရပ်ကွက်၊ အကွက်အမှတ် ၁၅/၂ (၁)၊ ဦးပိုင်အမှတ် ၁၀၂၊ ဧရိယာပေ(၁၀၀×၁၄၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကျော်သောင်း YEU-၀၃၂၇၄၇ အမည်ဖြင့် မြေငှားဂရန် ခရိုင်အမှုတွဲအမှတ် ၈၇၄(၃)/၁၉၉၂-၁၉၉၃ အရ နှစ်(၃၀)ဂရန် ရရှိထားပါသည်။ ရရှိထားသူထံမှ အရပ်ကတိစာချုပ်ဖြင့် အစဉ်အဆက်ဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ကြောင်း ဦးသေ့ချံဗဟာဒူး ၁/မကန(နိုင်) ၀၉၃၁၂၉ က အဆိုပါမြေကွက်အား ၎င်းတစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့်ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက် အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်စာချုပ် ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးညွန့်ဌေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၂၅)**
**အမှတ် ၂၅၆၊ အင်ဂျန်ဒုံ(တောင်)ရပ်ကွက်၊ မြစ်ကြီးနားမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃၁ယ/၂၂၁၁၉ Yes Sumbo 125, MC ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေစိုး ၅/ကလတ(နိုင်)၀၉၅၀၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ယ/၉၀၂၆၄ Suzuki QS 110 C M /C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၉/မထလ(နိုင်)၁၃၂၉၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဥပဒေကြမ်း

စာမျက်နှာ ၁၅ မှ

အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ဝန်ကြီးဌာနက ဖြန့်ဝေသော ဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လက်ခံရယူခြင်း၊ ဖြန့်ဖြူးခြင်းနှင့် မှတ်တမ်းပြုစုခြင်း၊

(စ) ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လှူဒါန်းမှုများကို လက်ခံခြင်း၊ အကူအညီ ရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လက်ခံရရှိသော ဆေးဝါး၊ ငွေနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှု ခံယူရမည့်သူများ လိုက်နာရန်အချက်များ သတ်မှတ်ခြင်းနှင့် ကျန်းမာရေးအသိပညာ တိုးတက်လာစေရေး အတွက် ဆောင်ရွက်ခြင်း၊

(ဈ) ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်စေရေးအတွက် သတင်းအချက်အလက် ဖြန့်ဖြူးခြင်းနှင့် အသိပညာပေးခြင်း၊

(ည) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း ( ၅ )
### မြို့နယ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၂။ ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် အထူးဒေသနှင့်သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သည် သက်ဆိုင်ရာမြို့နယ်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော မြို့နယ် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ဦးစီးဌာနမှူး — ဒုတိယဥက္ကဋ္ဌ
မြို့နယ်ကျန်းမာရေးဦးစီးဌာန

(ဂ) ဦးစီးဌာနမှူး — အဖွဲ့ဝင်
မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဃ) မြို့နယ်ပညာရေးမှူး — အဖွဲ့ဝင်
မြို့နယ်ပညာရေးမှူးရုံး

(င) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြို့နယ်အမျိုးသမီးရေးရာအဖွဲ့

(စ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့

(ဆ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ

(ဇ) သက်ဆိုင်ရာမြို့နယ်မှ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်ဆရာဝန်တစ်ဦး

(ဈ) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦး — အတွင်းရေးမှူး

၁၃။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ မြို့နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မြို့ပြနှင့် ကျေးလက်ဒေသတွင် နေထိုင်သူများအတွက် အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို ပြည်သူများအား အခမဲ့ဖြန့်ဝေခြင်း၊

(ဃ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊

(င) အိမ်ထောင်ရှင် ဇနီးမောင်နှံများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်း၊

(စ) မိခင်နှင့်ကလေးများ၏ ကျန်းမာရေးတိုးတက်စေရေးအတွက် အိမ်ထောင်ရှင် ဇနီးမောင်နှံများကို သားဆက်ခြားခြင်းနည်းလမ်းများကို ကျင့်သုံးစေရန် ပညာပေးစည်းရုံး ဆောင်ရွက်ခြင်း၊

(ဆ) ပျို့ရွယ်သူမျိုးပွားကျန်းမာရေး ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို လူငယ်လူရွယ်များ သိရှိလက်လှမ်းမီစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဇ) သားဆက်ခြားခြင်းနှင့်ဆိုင်သော သတင်းအချက်အလက်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသိပညာပေးခြင်း၊

(ဈ) လှူဒါန်းသော ငွေ၊ ဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လက်ခံခြင်း၊ စနစ်တကျသုံးစွဲခြင်းနှင့် မှတ်တမ်းများထားရှိခြင်း၊

(ည) လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဖွဲ့သို့ လစဉ် အစီရင်ခံစာတင်ပြခြင်း၊

(ဋ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း (၆)
### အထွေထွေ

၁၄။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့နှင့် မြို့နယ်အဖွဲ့များ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၁၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော ဝန်ထမ်းများဖြင့် ရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) မြို့နယ်ကျန်းမာရေးဦးစီးဌာနသည် မြို့နယ်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော ဝန်ထမ်းများဖြင့် ရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၆။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ပြည်သူ့ဝန်ထမ်းများအဖြစ် မှတ်ယူရမည်။

၁၇။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်သော အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများက ပူးပေါင်းကူညီဆောင်ရွက်ရမည်။

၁၈။ ဤဥပဒေအရ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် အထူးဒေသမဟုတ်သော ဒေသတွင် ဝန်ကြီးဌာနက ဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မသက်ဆိုင်စေရ။

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

# လာမည့်နှစ်တွင်ပြည်တွင်းအိမ်ခြံမြေဈေးကွက်တိုးတက်မှု ရှစ်ရာခိုင်နှုန်းအထက်ပိုမည်ဟု အိမ်ခြံမြေအကျိုးဆောင်များခန့်မှန်းထား

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်သည် လာမည့်နှစ်တွင် ပိုမိုကျယ်ပြန့်လာပြီး တိုးတက်မှုမှာ ရှစ်ရာခိုင်နှုန်းထက်ပိုမည်ဟု ပြည်တွင်းအိမ်ခြံမြေအကျိုးဆောင် အများစုက ခန့်မှန်းထားကြောင်း၊ အိမ်၊ တိုက်ခန်းနှင့်ရုံးနေရာများအတွက်ဝယ်ခြင်းနှင့်ငှားခြင်းနှစ်မျိုးစလုံးပုံမှန်တိုးတက်နေကြောင်း ဂျာမနီနိုင်ငံအခြေစိုက် အွန်လိုင်းအိမ်ခြံမြေ ဝန်ဆောင်မှုဝက်ဘ်ဆိုက် House. com. mm ၏ လေ့လာထုတ်ပြန်ချက်အရသိရသည်။

နိုင်ငံ၏စီးပွားရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကြောင့် ကြီးမားသော စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုစေသည့်အပြင် ပြည်တွင်း အိမ်ခြံမြေဈေးကွက်အတွက်လည်း အကျိုးသက်ရောက်မှုများရှိစေကြောင်း၊ တိုးတက်များပြားလာသော ဆောက်လုပ်ရေး လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများအပြင် တိုးပွားလာသော ရင်းနှီးမြှုပ်နှံမှုများကြောင့် နောင်လာမည့်နှစ်တွင် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၇ ဒသမ ၈ရာခိုင်နှုန်းရှိလာမည်ဟုကမ္ဘာ့ဘဏ်၏ထုတ်ပြန်ချက်အရသိရသည်။

မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာခြင်းလည်းအရေးပါသော အချက်တစ်ချက်ဖြစ်ကြောင်း နိုင်ငံတကာမှ အလည်အပတ်လာသူ အရေအတွက်မှာ ၂၀၁၅ ခုနှစ်တွင် ၃ ဒသမ ၀၁ သန်းမှ ၂၀၂၀ ပြည့်နှစ်တွင် ၇ ဒသမ ၄၈ သန်း အထိ ဝင်ရောက်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ရည်ရွယ်ထားကြောင်း သိရသည်။

နောင်လာမည့် ဆယ်စုနှစ်အတွင်း အိမ်ရှာဖွေမှုပြုလုပ်ရာတွင် အွန်လိုင်းကို ပိုမိုသုံးစွဲလာကြမည်ဖြစ်ကြောင်း House. com.mm မှ မန်နေဂျာ Mr.Jan Somerfeld ကဆိုသည်။ သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်မှုကြောင့် နိုင်ငံတကာ ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရုံးခန်းများအပြိုင်အဆိုင် ဖွင့်လာနိုင်ခြေရှိကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ကွန်ဒိုမီနီယံများမှာလည်း ဈေးနှုန်း သတ်မှတ်ချက်များနှင့်အတူ တိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော်လည်း အောက်စဖို့ဒ် စီးပွားရေးအဖွဲ့၏ တင်ပြချက်အရ မြို့ပြအိမ်ရာ အရည်အသွေးမီရေး လုပ်ဆောင်ချက်လိုအပ်နေပြီး ဈေးကွက်၏ အရည်အသွေးဆိုင်ရာ ဈေးနှုန်းနှင့် နေရာကွာဟချက်ရှိနေကြောင်း၊ ဈေးနှုန်းမြင့်မားခြင်းနှင့် အိမ်ရာရှားပါးခြင်း အခြေအနေသည် အခြားနယ်မြေဧရိယာအသစ် ဖွံ့ဖြိုးဖြစ်ပေါ်မှုကို ဦးတည်စေကြောင်း၊ ဈေးနှုန်းများ တက်လာခြင်းကြောင့် ဆင်ခြေဖုံးဒေသများ၌ နေထိုင်ကြကြောင်း သိရသည်။ **မွန်းဦးနဒီ**

## ဥပဒေကြမ်းများဖော်ပြပေးမည်

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် **မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း**တို့ကို ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ (မြန်မာ့အလင်း)

# ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျောက်ချောလမ်းခင်း

**တောင်ငူ ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဥယျာဉ်တော်နှင့် ရေလျှံ ကျေးရွာသွား အလျား ငါးမိုင်၊ အကျယ် ၁၂ ပေနှင့် အမြင့် ကိုးလက်မရှိ ကျောက်ချောလမ်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၁၆ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်က တောင်ငူခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်၊ အုတ်တွင်းမြို့နယ်ဦးစီးမှူး ဦးစိုးလွင်တို့ပါဝင်သောအဖွဲ့တို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ **ကျော်လှ (တောင်ငူ)**


## အထက(၁)ရေဦးမြို့ အာစရိယပူဇော်ပွဲ

ရေဦးမြို့၊ အထက(၁)၏ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကို ၇-၁၂-၂၀၁၄ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဦးဇာနည်လင်း ဖုန်း-၄၉၂၀၆၃၁၀၊ ဦးဇော်ဇော်ဖေ ဖုန်း-၀၉-၂၅၄၀၆၃၁၆၊ ဦးကျော်ဆွေသန်း ဖုန်း-၀၉-၅၀၃၆၄၂၃၊ ဦးမျိုးဝင်း ဖုန်း-၀၉-၄၄၄၀၃၂၁၆၀၊ ၀၂-၇၀၅၄၆၊ ဒေါ်အေးအေးကြွယ် ဖုန်း-၀၇၁-၂၂၁၀၈၊ ဦးသန်းညွှန့်ဝင်း ဖုန်း-၀၉-၂၁၁၁၁၄၅၊ ဦးဝင်းမြင့် ဖုန်း-၀၉-၄၀၂၅၃၁၄၅၊ ဦးထင်လင်းဦး ဖုန်း-၀၉-၄၀၀၄၆၃၅၃၅၊ ဦးကျော် ဖုန်း- ၀၉-၆၄၇၀၀၆၄၊ ဒေါ်မို့မို့ခင် ဖုန်း-၀၇၅-၄၀၀၁၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အထက(၁)၊ ရေဦးမြို့**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ (၅)ကွက်၊ ကုလားတန်းရပ်ကွက်၊ ဦးပိုင်အမှတ် (ည-၆)၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်လှလှဝင်း ၉/မမန(နိုင်)၀၀၀၂၁၃ (ဘ)ဦးသန်းဖေ၊ မောင်ပိုပိုမောင် ၉/ပဥလ(နိုင်) ၀၁၁၃၀၁ (ဘ)ဦးသန်းဖေ နှစ်ဦးအမည်ပေါက် မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ (၁-က) စာရင်းအတည်ပြုမှတ်သားပေးပါရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်အတူ ၁၄ ရက်အတွင်း ကျွန်မ ဒေါ်လှလှဝင်းထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက (၁-က)စာရင်းပေးသွင်းခြင်းကို ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှဝင်း ၉/မမန(နိုင်)၀၀၀၂၁၃**
**အိမ်အမှတ် ၁၈၊ ရပ်ကွက်ကြီး(၃)၊ အောင်ဇေယျလမ်း၊**
**ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၂၇၅၁၇၁၁**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၄ခုနှစ် တရားမပထမအယူခံမှု-၂၀၀

ဒေါ်ကျမေလားလ်ပါ-(၄) **နှင့်** မလွင်လွင်(ခ)အမာလွင်ပါ-(၃)
**အယူခံတရားလိုများ** — **အယူခံတရားပြိုင်များ**

၂၀၁၄ခုနှစ် စက်တင်ဘာ ၈ရက်စွဲပါ မန္တလေးခရိုင်၊ နယ်တရားမရုံးတော်မှ မကြီး ၁၀၀/၂၀၁၂ ကိုအယူခံမှု။

အယူခံတရားပြိုင် ၂။ မဥမ္မာ၊ ၃။ မအုမား၊ (၂၂×၂၁)လမ်းကြား၊ ၈၉လမ်း၊ အောင်မြေသာစံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင် တရားရုံးက ချမှတ်ပေးသည့်ဒီကရီကို ဒေါ်ကျမေလားလ်ပါ-(၄)က အယူခံရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၁ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်) တွင် ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**တင်ထွေးဦး**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှတ်-၂၀/၁၉၈၆အရ ဦးကျော်ဇေယျ(ခ)တုန်ကျန်ဖန် NYHE-၀၂၃၃၀၂ အမည်ပေါက် ပိုင်ဆိုင်သည့် တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ဝန်ကြီးလမ်း၊ အိမ်အမှတ် (၃၂)အမည်ခေါ်တွင်သည့် တည်ရှိရာအကွက်အမှတ်-၂၃ (အစိုးရရပ်)၊ ဦးပိုင်အမှတ်(၉-င)၊ မြေကွက်အမှတ်-၈၂/၉၂၊ ဧရိယာ ၀ ဒသမ ၁၄၄ဧကရှိ အိမ်မြေဥပစာအား ၁၉-၁၂-၁၉၈၆ ရက်စွဲပါ အိမ်မြေအရောင်းအဝယ်စာချုပ်အရ ဦးကျော်ဇေယျ(ခ)တုန်ကျန်ဖန်မှ ဒေါ်လောရှင်ချူ(ခ)မေသူ ၁၃/တကန(နိုင်)၁၂၂၀၉၅နှင့် ဦးတင်မောင် ၁၃/လရန(နိုင်)၀၁၃၉၈၉သို့ ကာလတန်ဖိုးငွေကျပ်တစ်သိန်းနှစ်သောင်း ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချကာ လက်ရောက်ပေးအပ်ခဲ့သော်လည်း မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးနိုင်ခြင်းမရှိဘဲ အခြားသို့ပြောင်းရွှေ့သွားရာ ယနေ့တိုင်စုံစမ်းရှာဖွေသတင်းမရသဖြင့် ဦးကျော်ဇေယျ(ခ)တုန်ကျန်ဖန်အား ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲဥပဒေများအရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လောရှင်ချူ(ခ)ဒေါ်မေသူနှင့် ဦးတင်မောင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအုန်းကျော် LL.B** — **ဒေါ်နန်းဖစ်မွန်း LL.B, LL.M**
**(စဥ်-၈၂၂၂/၂၀၁၂)** — **(စဥ်-၈၆၂၅/၂၀၁၂)**
**တရားလွှတ်တော်ရှေ့နေများ**
**မြမြင့်မိုရ်ရှေ့နေရုံးခန်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့**

## ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၁၅၅၄၏ အင်္ဂလိပ်ဖောင်းကြွန်ပါတ်ပြားတစ်ချပ် ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၂၅၈၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးရဲအောင် ၉/တကန(နိုင်) ၁၄၉၇၄၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## မိုင်းရယ်မြို့နယ်အတွင်း

## မိုးပွင့်အဆင့်(၇) စီမံချက် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိုင်းရယ်မြို့နယ် ဦးစီးဌာနမှူးရုံး မိုးပွင့်အဆင့်(၇) စီမံချက်အရ နိုင်ငံသားအရည်အချင်းပြည့်မီသူ တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာဒေသအရောက်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် နိုဝင်ဘာ ၂၂ ရက်က မိုင်းရယ်မြို့နယ် ဦးစီးဌာနမှူး ဦးခင်မောင်ဖြူနှင့် ဝန်ထမ်းများသည် မိုင်းရယ်မြို့နယ် မိုင်းဟမန်မု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာအုပ်စုအတွင်းရှိ ကျောင်းသားကျောင်းသူများအပါအဝင် ဒေသခံတိုင်းရင်းသား ၁၀၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ထုတ်ပေးပြီး လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွက်ခမ်းနှင့် အထောက်အကူပြုအဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဟောင်းတုန်းကျေးရွာနှင့် မြေပလ္လင်ကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးလင်းတော့မည်

**အင်းတော် ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ဟောင်းတုန်းကျေးရွာနှင့် မြေပလ္လင်ကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိနိုင်တော့မည်ဖြစ်သည်။ ဟောင်းတုန်းကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့နှင့် ဟောင်းတုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအုန်းကျော်တို့ ဦးစီးပြီး ဟောင်းတုန်းကျေးရွာနှင့် မြေပလ္လင်ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ကသာခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် ဦးမောင်မောင်ငြိမ်း မြို့နယ်လျှပ်စစ်မှူး (မော်လူး)တို့၏ လမ်းညွှန်ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကျေးရွာများလျှပ်စစ်မီးရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ မိုင်၊ ၁၁/၁ ဒသမ ၄ကေဗွီ ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင်တို့ကို လျှပ်စစ်ဌာနမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း လျှပ်စစ်ဓာတ်အားရရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**နီတိုး(မော်လူး)**

## ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်၌ ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့က သီးပွင့်ဆဲ ဘိန်းခင်း ၁၂၇ ဧကခန့် ဖျက်ဆီးနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်က ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် လုံပေးကျေးရွာတွင် ရောက်ရှိနေသော ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးမှတပ်ဖွဲ့ဝင်များ၊ အမှတ် ၂၆ လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် နယ်မြေခံ တပ်မတော်သားများပါဝင်သော ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့သည် လုံပေးကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ လုံပေးကျေးရွာတောင်ဘက် လေးမိုင်ခွဲခန့်အကွာ တောင်ကြောရှိ အမြင့် ၃ပေ အရွယ်ခန့် သီးပွင့်ဆဲဘိန်းခင်း ၇၅ ဧကနှင့် အမြင့် ၂ပေ အရွယ်ခန့် သီးပွင့်ဆဲဘိန်းခင်း ၅၂ ဧက၊ စုစုပေါင်း ၁၂၇ ဧကခန့်တို့အားဖျက်ဆီး နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

## နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံး ဆောက်လုပ်ရန် အလှူငွေများပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော် စည်ပင်သာယာရေးကော်မတီက နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံး ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် ကော်မတီဝင်များ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းငွေက နေပြည်တော် အမျိုးသမီးရေးရာ အဖွဲ့ရုံးနှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံး ဆောက်လုပ်ရန်အတွက် အလှူငွေများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းငွေက နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းထံသို့လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးသိန်းဆင့်က နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်သက်သက်နွယ်ထံသို့လည်းကောင်း အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်တစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ နေပြည်တော် အမျိုးသမီးရေးရာ အဖွဲ့ရုံးနှင့် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ရုံး ဆောက်လုပ်ရန်အတွက် ရန်ပုံငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရွှေကုက္ကို**

## ဇေယျာသီရိမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း



**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၅၈၉ ဦးပိုင် ၁၆၄ တောင်သူကြီး ဦးလှဖေ၏ ပုလဲသွယ် စပ်မျိုးစပါး ၁၀ ဒသမ ၀၀ ဧက တွင် စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဒသမ ၀၀ ဧက ရိတ်သိမ်းရာတွင် သင့်အဆင့် ၁၃၉ ဒသမ ၄၅ တင်း ထွက်ရှိကြောင်းနှင့် အဆိုပါစံကွက် ရိတ်သိမ်းပွဲသို့ နေပြည်တော် ကောင်စီနယ်မြေ တိုင်းစိုက်ပျိုးရေး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး ဦးမျိုးနိုင်၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးညွန့်ထွေး၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## လေလံတင်ရောင်းချရန် ကြော်ငြာစာ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်ရှိ အောက်ဖော်ပြပါ ပစ္စည်းများကို ကွတ်ခိုင်မြို့နယ် ဦးစီးအရာရှိရုံး၌ ၁၈-၁၂-၂၀၁၄ရက် နံနက် ၁၀း၀၀နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သစ်အမျိုးအမည် | အရွယ်အစား | အရေအတွက်(လုံး) |
|---|---|---|---|
| ၁။ | ထင်းရှူး | တိုင် (၁'-၁' ၁၁") | ၂၃၅၀ |
| ၂။ | ထင်းရှူး | တိုင် (၂'-၂' ၁၁") | ၃၅၁၀ |
| ၃။ | ထင်းရှူး | သစ် (၃'-၃' ၁") | ၆၆ |
| | **စုစုပေါင်း** | | ၅၉၂၆ |

လေလံတင်ရောင်းချခြင်းအား မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ် ဦးစီးအရာရှိရုံး၌ ၁၈-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၀း၀၀နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ လေလံဆွဲဝယ်ယူလိုသူများသည် လေလံဆွဲဝယ်ခွင့်လျှောက်လွှာများကို ၁၀-၁၂-၂၀၁၄ရက်မှ ၁၆-၁၂-၂၀၁၄ရက်အထိ ကွတ်ခိုင်မြို့နယ် ဦးစီးအရာရှိရုံးတွင် တစ်စုံလျှင် ၂၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၆-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ ကွတ်ခိုင်မြို့နယ် ဦးစီးအရာရှိရုံး ဖုန်း-၀၈၂-၆၂၀၂၁တွင် လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

**အမည်ပြောင်း**

ဇေယျာသီရိမြို့နယ်နေ ဦးဝင်းခိုင်-ဒေါ်အေးအေးသင်းတို့၏သမီး အထက(၁)နေပြည်တော်၊ ဒုတိယတန်း(ခ)မှ မစံရတီအား မကြည်နူးဆက်ဟု ခေါ်ပါရန်နှင့် သားသူငယ်တန်း(က)မှမောင်ပြည့်စုံသန့်အား မောင်နေသွေးကိုဟုပြောင်းလဲခေါ်ပါရန်။

**ဦးဝင်းခိုင်-ဒေါ်အေးအေးသင်း**

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | X-2000 (မာဇဒါဂျစ်)၊ B-600 (လေးဘီး)၊ E-2000, T-2000 (၂တန် ကုန်တင်ယာဉ်)နှင့် DS-70 Engine မှ Bearing နှင့် ပတ်သက်သောပစ္စည်းများ | ၃၁၆ မျိုး | HI-12/005 |
| (ခ) | X-2000 (မာဇဒါဂျစ်)၊ B-600 (လေးဘီး)၊ E-2000, T-2000 (၂တန် ကုန်တင်ယာဉ်)နှင့် DS-70 Engine မှ Bolt, Nut, Washer and Spring နှင့် ပတ်သက်သောပစ္စည်းများ | ၉၁၄ မျိုး | HI-12/006 |
| (ဂ) | X-2000 (မာဇဒါဂျစ်)၊ B-600 (လေးဘီး)၊ E-2000, T-2000 (၂တန် ကုန်တင်ယာဉ်)နှင့် DS-70 Engine မှ ကြေးနှင့် ပတ်သက်သောပစ္စည်းများ | ၅၉ မျိုး | HI-12/007 |

၂။ အထက်ဖော်ပြပါပစ္စည်းများအား Lot-No အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၂-၁၂-၂၀၁၄ ရက်မှ ၁၆-၁၂-၂၀၁၄ ရက် ၁၂း၀၀နာရီ

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ် (၁၂) အကြီးစားစက်ရုံ (ထုံးဘို)၊ စီမံကိန်းဌာန

၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန်** - ၁၆-၁၂-၂၀၁၄ ရက် ၁၂း၀၀နာရီ

၆။ **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန

၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၆-၁၂-၂၀၁၄ ရက် ၁၃း၀၀နာရီ

၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၉၅၀၁၄၁၁၊ ၀၉-၄၂၃၇၀၈၉၃၃၊ ၀၉-၂၅၀၃၀၇၈၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)**
**ဖုန်း-၀၉-၄၉၅၀၁၄၁၁၊ ၀၉-၄၂၃၇၀၈၉၃၃၊ ၀၉-၂၅၀၃၀၇၈၀၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့ မြေစာရင်းဦးစီးဌာနရုံး အဆောက်အအုံဆောက်လုပ်ရန်အတွက် အောက်ပါအတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာယူရမည့်ရက်** - ၂၉-၁၁-၂၀၁၄ ရက်မှ ၁၉-၁၂-၂၀၁၄ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂၀-၁၂-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၇၁-၂၂၇၆၉ နှင့် ၀၇၁-၂၁၁၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

**တစ်ဦးတည်းဖြစ်ကြောင်း**

ရွှေဘိုမြို့၊ အမှတ်(၉)ရပ်ကွက်၊ နယ်မြေ(၅)နေ မသင်းသင်းအေး ၅/ရဘန(နိုင်)၁၀၃၄၃၂၏ ဖခင်အမည်မှန်မှာ ဦးကံမြင့် ၅/ခဥန(နိုင်)၀၄၄၃၄၆ နှင့် ဦးညီညီမင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကံမြင့်(ခ)ဦးညီညီမင်း**

**မိဘအမည်မှန်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်း အထကကျောင်းခွဲ၊ ဆဋ္ဌမတန်း (B) မှ မောင်ဖြိုးသူအောင်၏ မိဘအမည်မှန်မှာ ဦးကျော်ရှိန် ၉/ပမန(နိုင်)၀၇၀၁၂၂-ဒေါ်ခင်ဝင်း ၉/ပမန(နိုင်)၀၇၀၀၀၇ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ကြောင်း**

ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ရွက်ကြမ်းအုပ်စု၊ ပိုးဇာကုန်းကျေးရွာနေဦးကျော်ဆွေ၏သမီး မမိုးမိုးဆွေ ၅/ကဘလ(နိုင်)၁၇၁၂၁၂ နှင့် မမို့မို့ဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မမိုးမိုးဆွေ(ခ)မမို့မို့ဆွေ**

**ဖခင်အမည်မှန်**

ဝမ်းတွင်းမြို့နယ်၊ သဲတော၊ အထက၊ တက္ကသိုလ်ဝင်တန်း(F) မှ မထက်ထက်ဝိုင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးညွန့် ၉/ဝတန(နိုင်)၀၇၆၀၄၄ ဖြစ်ပါကြောင်း။

**ဦးမျိုးညွန့်**

# ကလေးမြို့အတွင်း တစ်နိုင်တစ်ပိုင်လျှပ်စစ်ထုတ်ယူ

**ကလေး ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက်တွင် လမ်းဘေးရေမြောင်းမှ တစ်ပိုင်တစ်နိုင်လျှပ်စစ်ထုတ်ယူသုံးစွဲနိုင်သဖြင့် ဓာတ်အားအချိန်ပြည့်ရရှိလာကြောင်း သိရသည်။

"ရေမြောင်းကနေ လျှပ်စစ်ဓာတ်အားထုတ်တာ တာဟန်းမှာ ၁၀ ဦးလောက်ရှိနေပြီ။ ရေမြောင်းကရေစီးသန်တော့ သံတိုသံစတွေနဲ့ထုတ်ရတယ်။ ငွေကျပ်ရှစ်သောင်းခန့် ကုန်ပါတယ်။ ခြောက်ပေနီးပါးရှိတဲ့ ဝင်ရိုးတစ်ခုနဲ့ ပန်ကာ၊ စက်ဘီးခွေတစ်ခုနဲ့ ပတ်တားကြိုးတစ်ချောင်း၊ တစ်ကီလိုခွဲ ဒိုင်နမိုအသေးတွေလိုအပ်ပါတယ်။ မီးချောင်း အချောင်း ၅၀ ကျော်ထွန်းလို့ရပါတယ်။ တီဗွီကြည့်၊ ထမင်းချက်ရပါတယ်"ဟု ကလေးတက္ကသိုလ်ကျောင်းလမ်းဘေးရေမြောင်းမှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲသူတစ်ဦးက ပြောသည်။

ဝင်ရိုး၏ တစ်ဖက်ထိပ်တွင် ပန်ကာတပ်ဆင်ထားကာ အခြားတစ်ဖက်မှ စက်ဘီးခွေတပ်ဆင်ထားပြီး ပန်ကာတပ်ဆင်သည့်ဘက်သို့ ရေစီးထဲ ၃၀ ဒီဂရီတိမ်းစောင်းချထားပါက ပန်ကာက ရေစီးကို တိုးဝင်ခြင်းဖြင့် ဝင်ရိုးလည်ပတ်ကာ စက်ဘီးခွေမှာ ပတ်တားကြိုးတပ် ဒိုင်နမိုကို လည်စေခြင်းဖြင့် လျှပ်စစ်ဓာတ်အားရရှိကြောင်းသိရသည်။



ကလေးမြို့သည် ချင်းတောင်ခြေရင်း၌တည်ရှိပြီး သဘာဝချောင်းရေ မြောင်းရေများ ပေါ်များသော မြို့ဖြစ်ရာ လျှပ်စစ်ဓာတ်အားကို တာဘိုင်များဖြင့် လည်းကောင်း၊ ရဟတ်များဖြင့် လည်းကောင်း တစ်နိုင်တစ်ပိုင်ထုတ်ယူသုံးစွဲနေကြကြောင်း သိရသည်။

**သျှင်နေမင်း**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဆင်း

**ဝမ်းတွင်း ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၃၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မီးသတ်ပညာထူးချွန်ဆု၊ အသက်ကယ်ပညာထူးချွန်ဆုနှင့် စစ်ရေးပြထူးချွန်ဆုများကို တာဝန်ရှိသူများကချီးမြှင့်ပေးပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းနိုင်နှင့် မီးသတ်ဦးစီးမှူး ဦးကျော်မျိုးတို့က ချီးမြှင့်ပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# တီးတိန်ဘောလုံးပြိုင်ပွဲ လိုင်တွီးဇုန်အသင်းဗိုလ်စွဲ

**တီးတိန် ဒီဇင်ဘာ ၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် အုပ်ချုပ်ရေးမှူးဖလားဇုန်နယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၃၀ ရက်က စကော့လမ်းရပ်ကွက် ကမ်းဟောက်အားကစားကွင်း၌ ကျင်းပသည်။

"ကျေးရွာအဆင့်ကနေ နိုင်ငံ့လက်ရွေးစင်အထိ တက်လှမ်းလိုကြတဲ့လူငယ်ကစားသမားတွေကို မွေးထုတ်ပေးနိုင်ဖို့ ကြိုးစားနေပါတယ်။ ဘောလုံးရာသီအလိုက် နှစ်စဉ်ကျင်းပပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်အားကစားဦးစီးအရာရှိ ဦးရှင်းခန့်ခွါလ်က ပြောကြားသည်။

မြို့နယ်အတွင်းရှိ အသင်းပေါင်း ၁၂ သင်းက နိုဝင်ဘာ ၂၀ ရက်မှစတင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲအဆင့်သို့ လိုင်တွီးဇုန်အသင်းနှင့် ဖူနွမ်းဇုန်အသင်းတို့ တက်ရောက်နိုင်ခဲ့ပြီး အနိုင်ရရှိသည့် လိုင်တွီးဇုန်အသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်က ဂုဏ်ပြုဆုဖလားချီးမြှင့်ပေးခဲ့ပြီး အခြားဆုများကို မြို့နယ်တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြသည်။

**နေစု(ချင်းရိုးမ)**

# ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိ

**မြင်းမူ ဒီဇင်ဘာ ၁**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူများ လယ်ယာလုပ်ငန်းကို အဆင်ပြေစွာ လုပ်ကိုင်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပံ့ပိုးပေးသည့် KS 9300 Combine Harvester ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မြင်းမူမြို့နယ် မူးဝရွာထောင်ကျေးရွာ ကွင်းအမှတ်(၃၆၀)နှင့် (၃၆၁)တို့တွင် စိုက်ပျိုးထားသော မနောသုခနှင့် ပုလဲသွယ်စပ်မျိုးစပါးများကို နိုဝင်ဘာ ၃၀ ရက်က စတင်ရိတ်သိမ်းခြွေလှေ့လျက်ရှိကြောင်း သိရသည်။



တိုင်းဒေသကြီးအစိုးရအဖွဲ့က ရိတ်သိမ်းခြွေလှေ့စက် ကူညီပံ့ပိုးပေးသည့်အတွက် စပါးရိတ်လုပ်သားရှားပါးမှု အခက်အခဲကို အဆင်ပြေစေပါကြောင်း၊ စပါးရိတ်လုပ်သားများဖြင့် ရိတ်သိမ်းပါက တစ်ဧကလျှင် ငွေကျပ်ကိုးသောင်းခန့် ကုန်ကျပါကြောင်း၊ KS 9300 Combine Harvester ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပါက တစ်ဧကလျှင် ငွေကျပ်သုံးသောင်းနှစ်ထောင်သာ ပေးသွင်းရသည့်အတွက် အချိန်ကုန်၊ ငွေကုန်သက်သာစေပြီး စပါးလေလွင့်မှုလည်း မရှိတော့ပါကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်မင်းမင်းထွန်းက ပြောပြသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်ကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၂) စက်မှုလယ်ယာစခန်းမှ ကျွမ်းကျင်ဝန်ထမ်းများက မောင်းနှင်ရိတ်သိမ်းပေးသည့်အတွက် တောင်သူများအနေဖြင့် ခြွေလှေ့ပြီးစပါးများကို အဆင်သင့် ရရှိနေပြီဖြစ်သည်။ အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ စပါးနှင့် ဂျုံ စိုက်ပျိုးရာ မြို့နယ်များတွင် ရိတ်သိမ်းခြွေလှေ့စက်များ ပံ့ပိုးကူညီပေးနေသည့်အတွက် ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ထန်းကုန်းကျေးရွာ ဆိုလာပြားဖြင့် မီးလင်းပြီ

**ဖြူး ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာများအား လျှပ်စစ်မီးမရရှိမီ ဆိုလာပြားဖြင့် မီးလင်းရေးစီမံချက်အရ မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရွာလုံးကျွတ် ဆိုလာမီးလင်းရေးစီမံချက်အရ ဖြူးမြို့နယ်ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့်အဖွဲ့တို့က ဖြူးမြို့နယ် ထန်းကုန်းကျေးရွာ၌ နိုဝင်ဘာ ၃၀ ရက်က ဆိုလာပြားများ တပ်ဆင်ပေးပြီး ကျေးရွာလုံးကျွတ်မီးလင်းပွဲ ကျင်းပခဲ့သည်။

ဆိုလာမီးတပ်ဆင်ပြီး ရွာလုံးကျွတ်မီးလင်းပွဲသို့ ဖြူးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး၊ ထန်းကုန်းကျေးရွာအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးမိုးကျော်၊ မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သန့်ဆိုလာကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**


## သမီးရတနာဖွားမြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

Sky One Construction Company Limited. ၏ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်နိုင်နှင့် ဒေါ်သန္တာအေးတို့၏ ဒုတိယသမီးရတနာအား ပန်းလှိုင်ဆေးရုံကြီးတွင် ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၆း၃၀ နာရီ၌ ဖွားမြင်ကြောင်းသိရှိရပါသဖြင့် မိဘနှစ်ပါးနှင့်အတူ Sky One Construction Company Limited. ဝန်ထမ်းမိသားစုများမှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အသက်ရှည်အနာကင်းမဲ့စွာဖြင့် သာသနာ့အကျိုး၊ မိဘအကျိုးပြု သမီးရတနာအဖြစ် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများ**
**Sky One Construction Company Limited.**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**အောင်မြေသာစံမြို့နယ်တရားရုံးတော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၆**

မခင်စောဦး(ခ)မခင်စုစုနိုင် **နှင့်** ကိုစိုးလင်းထိုက်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၉လမ်း၊ အောင်ပြည်သာရပ်၊ ညောင်ကွဲရပ်ကွက်နေ ကိုစိုးလင်းထိုက် (ဘ/ဦးကိုကိုလေး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားအရာမှ ကွာရှင်းပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၀ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဖြူအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**အောင်မြေသာစံမြို့နယ်တရားရုံး**



## အမည်မှန်

လားရှိုးမြို့၊ အလက(၈)၊ စတုတ္ထတန်း(ဃ)မှ မောင်ချမ်းဆောင် (ကဝ-၁၃၃၃၈)၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ချမ်းဆော့ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးယော်ချမ်း ဖြစ်ပါသည်။



## ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၈)၊ စတုတ္ထတန်း(ဃ)မှ မောင်လောက်လင်း (ကဝ-၁၃၄၈၈)၏ ဖခင်အမည်မှန်မှာ နိုင်ငံသားမှတ်ပုံတင်အရ ဦးတန်လောက်ဆန်း ၁၃/ကလတ(နိုင်) ၀၀၇၃၀၅ ဖြစ်ပါသည်။



## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၉၊ မြေကွက်အမှတ် ၃၀၂၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဒေါ်မေသန်းတင် DNU-၀၀၁၁၂၂ အမည်ပေါက် ပါမစ်မြေကွက်အား စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဝင်းနိုင် ၁၂/ဒဂရ(နိုင်)၀၀၅၇၉၉ထံမှ ကျွန်တော်ဦးနေမျိုးအောင်သည် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေမျိုးအောင်**
**၁၀/မလမ(နိုင်)၁၆၉၂၆၈**
**အမှတ် ၅၈၄၊ သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**



## အများသိစေရန်အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ မြေကွက်အမှတ် အောင်စေတနာတိုးချဲ့၊ ဦးပိုင်အမှတ် A/၄၈၊ မြေချိန်ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဒေါ်တင်တင်စန်း အမည်ပေါက်လျက်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်စန်း ၁၃/ကတန(နိုင်)၀၀၆၅၇၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ မဝေဟင်အောင် ၉/မခန(နိုင်)၁၆၃၂၀၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရဲကျော်နိုင် LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၇၄)**
**အမှတ် ၃/၂၃၊ အောင်သပြေလမ်း၊ ရပ်ကွက်(၈)၊ လားရှိုးမြို့၊**
**ဖုန်း-၀၉-၅၂၆၁၁၈၃**

# ကချင်ရိုးရာကောက်သစ်စားပွဲကို နှင်းမြူများအကြားကျင်းပ

**ဗန်းမော် ဒီဇင်ဘာ ၁**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ခရိုင်ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးစီးကျင်းပသည့် ဆောင်းရာသီကာလ အေးမြသော ဆောင်းနှင်းမြူအကြား လေးကြိမ်မြောက် ကချင်ရိုးရာကောက်သစ်စားပွဲနှင့် ရိုးရာရုံးသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၉ ရက်က နှစ်မိုင် အောင်သာမနောကွင်း၌ ကျင်းပခဲ့ပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ငွေကျပ် သိန်း ၁၀၀ လှူဒါန်းပေးသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ဗန်းမော်ခရိုင် ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဌ ဦးလဝမ်၊ ဦးနော်တောင်၊ ဦးဂွန်ဇော်ဒွဲ၊ ဦးလဂေါ်လဂျာတို့က ရိုးရာရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တန်ဖိုးငွေကျပ် ၃၃၇ သိန်း အကုန်အကျခံ တည်ဆောက်ထားကြောင်း သိရသည်။

ရုံးသစ်အတွင်း ဆုတောင်းပွဲကျင်းပရာ ဆရာကြီးဦးနန်ဇိန်တူးဂျာက ဆုတောင်း၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ သဘာပတိ ဦးလဝမ်က အဖွင့်မိန့်ခွန်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေတို့ကို ကချင်ရိုးရာ ဓားလွယ်နှင့် လွယ်အိတ် လက်ဆောင်ပေးအပ်၍ ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် မနောကွင်း၌ ကောက်သစ်စားပွဲ (ပွဲတော်မိတ်ဆုံစားပွဲ) ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ၊ ဗန်းမော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလ၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗန်းမော်တက္ကသိုလ်ပါမောက္ခ၊ ကထိကများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းဖွဲ့ဝင်များ၊ ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ အသင်းအုပ်ဆရာကြီးများ၊ ဗန်းမော်၊ မိုးမောက်၊ မန်စီမြို့နယ်များမှ ထောင်ကာအကဖွဲ့များ၊ ဖိတ်ကြားထားသော တိုင်းရင်းသားများ စုစုပေါင်း ၁၀၀၀ ကျော် တက်ရောက်ချီးမြှင့်အားပေးကြသည်။



မွန်းလွဲ ၁ နာရီတွင် ကချင်တိုင်းရင်းသူလေးများက ထောင်ကာအကအဖွဲ့ရှစ်ဖွဲ့ ယှဉ်ပြိုင်ကပြကြရာ ဆုရရှိသည့်အဖွဲ့များကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ည ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးရေးနှင့် လူငယ်များ၏ စင်တင်တေးဂီတအဖွဲ့က ကချင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ စတိတ်ရှိုးသီချင်းများ သီဆိုကပြ ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **ဝါဝါ(ဗန်းမော်)**

# စဉ့်ကူးမြို့နယ် ခံတက်ချဉ်စိုက်ကွင်းအတွင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**စဉ့်ကူး ဒီဇင်ဘာ ၁**

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ရာသီသီးနှံနှင့် ကော်ဖီပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ စဉ့်ကူးမြို့နယ် ခံတက်ချဉ်စိုက်ကွင်း၌ ဝါသီးနှံနှင့် မတ်ပဲသီးနှံများသရုပ်ပြပွဲကို နိုဝင်ဘာ ၃၀ ရက်က ကျင်းပသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်လေးကြူနှင့် တာဝန်ရှိသူများ၊ စဉ့်ကူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ခံတက်ချဉ်၊ ပန်းတင်၊ မကွေးတရာ၊ တရော်ပင်နှင့် ရွှေပြည်ကျေးရွာများမှ တောင်သူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

စမ်းသပ်စိုက်ပျိုးထားသော ဝါသီးနှံမျိုးကွဲအမျိုးမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခြင်း၊ မတ်ပဲမျိုးကွဲအမျိုးမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခြင်း၊ မတ်ပဲသီးနှံစိုက်ချိန်မျိုးစမ်းသပ်စိုက်ပျိုးခြင်း၊ ဝါသီးနှံနှင့် မတ်ပဲသီးနှံများ၏ (GAP) စိုက်စနစ်များ၊ ဝါစိုက်ပျိုးနည်းစနစ်၊ ဝါမျိုးရရှိနိုင်မှုအခြေအနေနှင့် ဝါရောင်းချရန်ဈေးကွက်အနေအထားများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၄၃၂)**



# အူမကြီးကင်ဆာနှင့် ခွဲစိတ်ဝေဒနာရှင်များအား စင်ကာပူဆရာဝန်ကြီးများ ပူးပေါင်းကုသ

**နေပြည်တော် ဒီဇင်ဘာ ၁**

ဇမ္ဗူသီရိဖောင်ဒေးရှင်း၏ ကူညီထောက်ပံ့မှုဖြင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် စင်ကာပူနိုင်ငံ FORTIS SURGICAL HOSPITAL တို့ ပူးပေါင်း၍ ရောဂါဝေဒနာရှင်များအား ဝမ်းဗိုက်မှ အပေါက်ငယ်ဖောက်၍ မှန်ပြောင်းဖြင့် ခွဲစိတ်ပေးခြင်းကို နေပြည်တော်ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နိုဝင်ဘာ ၂၉ ရက်က ပြုလုပ်ပေးသည်။

ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများကို စင်ကာပူနိုင်ငံ FORTIS SURGICAL HOSPITAL မှ ခွဲစိတ်အထူးကုဆရာဝန်ကြီးများဖြစ်ကြသော Dr.Francis Seow Choen, Dr.Koh Poh Koon နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးထက်ကျော်တို့ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် ဝန်ကြီးဌာနများရှိ စအို၊ အူမကြီးကင်ဆာ၊ သည်းခြေအိတ်ကျောက်တည်ခြင်းနှင့် လိပ်ခေါင်းရောဂါဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ **ရွှေကုက္ကို**

# ရွှေပြည်သာမြို့နယ်၌ သုံးလုံးမြောက် ထရန်စဖော် တပ်ဆင်ပြီးစီး



**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၆) ရပ်ကွက် စစ်တောင်းလမ်းနှင့် ချင်းတွင်းလမ်းထောင့်တွင် နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရွှေပြည်သာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ထရန်စဖော်မာတပ်ဆင်ပေးရာတွင် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ဓာတ်အားလိုင်းကြိုးများ တပ်ဆင်လဲလှယ်ခြင်း၊ ဓာတ်တိုင်များ စိုက်ထူခြင်း၊ ထရန်စဖော်မာနှင့် ဆက်စပ်ကြိုးများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြုလုပ်ပေးခဲ့ကြပြီး လျှပ်စစ်စတင်ထုတ်လွှင့်မှုကို ပြုလုပ်ပေးရာ အမှတ်(၆) ရပ်ကွက်ရှိ အိမ်ခြေ ၃၀၀ ခန့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီ ဖြစ်သည်။

ရွှေပြည်သာမြို့နယ်မှ တာဝန်ရှိသူများနှင့် လျှပ်စစ်အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ဘဏ္ဍာရေးနှစ်အတွင်း ထရန်စဖော်မာအသစ်သုံးလုံးတိုးမြှင့်တပ်ဆင်ပေးနိုင်ခဲ့သည်။ **မြင့်သန်းကြည်(ရွှေပြည်သာ)**


## စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

မန္တလေးမြို့၊ (၁၂)ကြိမ်မြောက် မန္တလေး စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲကို ၂၈-၁၂-၂၀၁၄ရက်တွင် ကျင်းပပြုလုပ်ပါမည်။ ဖုန်း-၀၉-၂၀၃၃၂၀၀၁၊ ၀၉-၉၁၀၄၄၁၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ရွှေဘုန်းပွင့်စေတီတော် (၃၅)ကြိမ်မြောက် အသံမစဲအဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် (၃၅)ကြိမ်မြောက် အသံမစဲအဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ၂၆-၁၂-၂၀၁၄ရက်မှ ၄-၁-၂၀၁၅ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ လှူဒါန်းလိုသူများ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၅၊ ၂၉၄၀၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ဖိတ်ကြားလွှာ

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၇-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ
**ကံစမ်းမဲဖောက်မည့်အချိန်** - ညနေ ၄း၀၀ နာရီ
**ကျင်းပမည့်နေရာ** - ပြည်သူ့ရင်ပြင်(စမ်းချောင်းသာ)

**အမှုဆောင်အဖွဲ့**

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-(၆၈/၂၀၁၄)

ဒေါ်ကျန်မွေးရှန်း **နှင့်** ဦးကြင်မောင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၅၈၊ ဦးပိုင်အမှတ် ၆၈ နေထိုင်သူ ဦးကြင်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကျန်မွေးရှန်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၆)၊ ဦးပိုင်အမှတ်(၁)မြေကွက်နှင့်ပတ်သက်၍ တရားလိုတရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၉ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးဆွေ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ဖခင်အမည်မှန်

ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ အထက(၁)၊ န၀မတန်း(B)မှ မောင်ခိုင်ခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းတင် ၅/ကဘလ(နိုင်)၀၀၀၆၂၁ ဖြစ်ပါသည်။

**ဦးထွန်းတင်**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့်မွေးသက္ကရာဇ်အမှန်

တန့်ယန်းမြို့နယ်၊ လုံမုံကျေးရွာနေ ဦးစိုင်းအောင်ဆာ၏သမီး နန်းမိုခမ်း ၁၃/တယန(နိုင်)၀၄၄၀၄၀ နှင့် နန်းလီခမ်းသည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၄-၄-၁၉၉၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၉)နေ ဦးတင်ဖူး၏သမီး မပိုက် ၈/ပမန(နိုင်)၀၁၄၇၃၅ နှင့် ဒေါ်ခင်လေးမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်လေးမြင့်(ခ)မပိုက်**

## ဖခင်အမည်မှန်

နှစ်ဆောင်ပြိုင် အမက မူလွန်ကျောင်း ပဥ္စမတန်းမှ မဖူးပြည့်ပြည့်သွယ်နှင့် သတ္တမတန်းမှ မခင်ပြည့်ပြည့်စုံတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာဝင်း ၇/တငန(နိုင်)၁၁၅၈၃၄ ဖြစ်ပါသည်။ **ဦးကျော်စွာဝင်း**

## ဆက်သွယ်နိုင်ပါသည်

ဆန်ကြာဇံတည်ထောင်ပြီး တည်ထောင်လိုသူများ ဆန်အိတ် ၅၀ မှ ၁၀၀ အထက် လုပ်ငန်းရှင်များအတွက် အရည်အသွေး အာမခံ ပေါင်းဆရာရှိသည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၃၀၀၀၅၈၃**

## လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၃၇၁၄ Hin Thar Mini Truck, P/U (4x2)RHD ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီဂီထွန်း ၁၂/ကတတ(နိုင်)၀၁၉၁၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/9327 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးခင်မောင်သက် (မန်နေးဂျင်းဒါရိုက်တာ) တောင်ကိုးလုံးကုမ္ပဏီလီမိတက်
### အသက်(၅၆)နှစ်

၂၄-၁၁-၂၀၁၄ ရက်(တနင်္လာနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသွေးဌာန၌ ကွယ်လွန်သွားပါသော ဘုရားဒကာ၊ ရဟန်းဒကာ၊ သိမ်ဒကာ ကျေးဇူးရှင် ဦးခင်မောင်သက် အသက်(၅၆)နှစ် နာမကျန်းဖြစ်စဉ် ပြုစုကုသစောင့်ရှောက်ပေးပါသော SSC အထူးကုဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးဌာနရှိ ပါရဂူများ၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း) ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ မိဘဆွေမျိုးများ၊ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ၊ ကုမ္ပဏီဝန်ထမ်းများအားလုံး၊ ရပ်မိရပ်ဖများ၊ နာရေးကိစ္စပြီးမြောက်ရေးအတွက် ထောက်ပံ့ပစ္စည်းများနှင့် အကူငွေများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့သူများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဘီ (ဘီးလင်း)
### အသက် (၉၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ အမှတ် ၃၃၊ ဘယသုဒ္ဓိလမ်း၊ ပထမထပ်နေ(ဦးအုန်းရွှေ)၏ ဇနီး၊ ဦးဝင်းငွေ-ဒေါ်ချိုချိုမာ၊ ဦးသိန်းငွေ၊ ဦးမင်းလွင်-ဒေါ်စန်းစန်းလွင်၊ ဦးအေးလွင် (ရိုးမဘဏ်-ရုံးချုပ်)-ဒေါ်ငွေငွေတင့်၊ ဦးအေးကိုတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးကျော်လှိုင် (မိုးကုတ်မြို့)
### အသက်(၇၁)နှစ်

မိုးကုတ်မြို့၊ ပတ္တမြားရပ်နေ (ဦးရေး-ဒေါ်အေးခင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးထိန်-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ မိုးကုတ်မြို့၊ ပတ္တမြားရပ်နေ (ဦးတင်လှ-ဒေါ်တင်စိန်)၊ (ဦးဝင်းမောင်)-ဒေါ်မြင့်မြင့်သန်းတို့၏ညီ၊ ဦးလှဘော်-ဒေါ်မြင့်မြင့်ဝင်း၊ ဦးကျော်ညွန့်-ဒေါ်အုန်းအုန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေ မြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် ၇၁၄၊ လေးလွှာ(A)နေ ကိုဖြိုးဝေ-မတင်နီလာမြင့်၊ Mr.Darren Cheng-မသီသီထွန်း၊ မထက်ထက်အောင်၊ မသဲစုအောင်တို့၏ဖခင်၊ မမိုးစက်သွန်း၏အဘိုး၊ ဒေါ်ခင်လှဝေ၏ခင်ပွန်းသည် ၃၀-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၄ခုနှစ် တရားမပထမအယူခံမှု-၂၀၇

ဦးအောင်စိန်(ခ)ဦးကျော်မြလင်း (ပါ-၃) **နှင့်** ဦးခင်မောင် (ပါ-၂)

**အယူခံတရားလိုများ** — **အယူခံတရားပြိုင်များ**

၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ ရက်စွဲပါ မန္တလေးခရိုင်၊ နယ်တရားမရုံးတော်မှ မကြီး ၆၇၇/၂၀၁၁ ကိုအယူခံမှု။

အယူခံတရားပြိုင် ၂။ ဦးစံ(ခ)ဦးစံချစ်၊ ကျောက်ဖျာဒိုးရွာ၊ သုံးထောင်ကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင် တရားရုံးက ချမှတ်ပေးသည့်ဒီကရီကို ဦးအောင်စိန်(ခ) ဦးကျော်မြလင်း ပါ ၃ က အယူခံရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၀ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက်) တွင် ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**တင်ထွေးဦး**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ရောင်းရန်ကြော်ငြာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### စစ်ကိုင်းတိုင်းဒေသကြီး
### မုံရွာခရိုင်တရားရုံးတော်၌
### ၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၃၀
### စစ်ကိုင်းတိုင်းဒေသကြီးတရားရုံး၏ ၁၉၉၆ ခုနှစ် တရားမကြီးမှုအမှတ်-၁

မထက်ထက်လှိုင် **နှင့်** ၁။ ဒေါ်အေးအေးလွင် ၂။ မောင်ဝေယံအောင်

**တရားနိုင်** — **တရားရှုံးများ**

စစ်ကိုင်းတိုင်းဒေသကြီး တရားရုံး ၁၉၉၆ခုနှစ် တရားမကြီးအမှုအမှတ်-၁ တွင် ရရှိခဲ့သည့် ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၊ မြို့မရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ကွင်းအမှတ် ၂၀၂၄/ချောင်းဦးမြောက်ကွင်း၊ မြေကွက်အမှတ် F၇၀၁၊ ဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိ ဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၆၀၀(ကျပ်သိန်းတစ်ထောင့်ခြောက်ရာတိတိ)။**

**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်ချို)**
**ခရိုင်တရားသူကြီး**
**မုံရွာခရိုင်တရားရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံဆင်း (၁၉၈၆)
## ဆရာမ နော်ရှဲလေဖော အပတ်စဉ်(၁၇)

သူငယ်ချင်း နော်ရှဲလေဖောသည် ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကျောက်ကြီးမြို့နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားသည့်အတွက် သင်တန်းဆင်းများအားလုံးက အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်း ဆိုင်မွန်းနှင့် (၁၇)ဆင်း**
**ရွာသစ်ကြီးဖွံ့ဖြိုးရေးသင်တန်းဆင်းများအားလုံး**

## ဦးမြသောင်း
### (မော်လမြိုင်မြို့နယ်၊ ကတိုးကျေးရွာ)
### အသက်(၇၆)နှစ်

မော်လမြိုင်မြို့နယ်၊ ကတိုးကျေးရွာနေ (ဦးနီ-ဒေါ်ရင်မိ)တို့၏သား၊ (ဦးမောင်တင်-ဒေါ်ပုတင်)တို့၏သားသမက်၊ ကော့သောင်းမြို့နယ်နေ (ဦးဒေါ်လာ)-ဒေါ်ခင်တင့်၏မောင်(ဦးကွန်ပါ)-ဒေါ်ခင်လှတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တိုက် ၂၊ အခန်း ၂၀၅၊ မြနန္ဒာအိမ်ရာ၊ (၁၄)ရပ်ကွက်၊ အုတ်ကျင်း၊ လှိုင်မြို့နယ်နေ (ဦးစိုးသောင်းဦး)-ဒေါ်သင်းသင်းမော်၊ ဒေါက်တာလှဝင်း-ဒေါ်သန်းသန်းဝင်း၊ ဦးမြနိုင်-ဒေါက်တာမို့မို့ထွန်း၊ ဦးမင်းနိုင်-ဒေါ်မိုးမိုးအေး၊ ဦးဟိန်းအောင်-ဒေါ်အေးအေးအောင်၊ ဦးသန်းထွန်း-မမြတ်မွန်၊ (ကိုသိန်းထိုက်)-မမိုးမိုးခိုင်၊ မလဲ့လဲ့ဝင်း၊ မောင်မောင်ထင်ပေါ်-မခင်ဝေယံအေး တို့၏ဖခင်၊(ဒေါ်ဝင်းကြည်)၏ခင်ပွန်း၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၂၉-၁၁-၂၀၁၄ရက်(စနေနေ့) နံနက် ၁၁း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၅၁)၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ မူလက ဦးညွှန့်မောင် (ဘ) ဦးဟိန်း တီကေအေ-၀၇၆၅၆၇ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးသန့် (ဘ) ဦးအောင်သိန်း ၉/ကပတ(နိုင်) ၁၆၆၇၇၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူထားပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေကွက်ချထားပေးမိန့် စလစ်မူရင်းမှာ ကျွန်ုပ်တို့၏မိတ်ဆွေလက်ဝယ်တွင် အသိမ်းဆည်းလွန်၍ ပျောက်ဆုံးလျက်ရှိပါသည်။ အဆိုပါ စလစ်နှင့်ပတ်သက်၍ မူရင်းကွဲလျှောက်ထားမည်ဖြစ်ပြီး ဂရန်အမည်ပြောင်းလျှောက်ထားသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်စည်သူ (စဉ်-၉၇၁၄)**
**တရားလွှတ်တော်ရှေ့နေ**
**၂၂လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြား၊ အကွက်(၁၅၅)၊**
**ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၅၉၆၅၇**

### ဒဂုံဆိပ်ကမ်းမြေတိုင်းအမှတ် ၁၆၈/၅၊ မြေကွက်အမှတ် ၂၈၈နှင့်ပတ်သက်၍
## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေ ဒေါ်ဝါဝါခိုင် (ဘ) ဦးသန်းအောင် ၁/မကတ(နိုင်)၀၅၀၅၅၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်ဝါဝါခိုင် ၁/မကတ(နိုင်)၀၅၀၅၅၉ အမည်ဖြင့် ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)၊ မြေတိုင်းအမှတ် ၁၆၈/၅၊ မြေကွက်အမှတ် ၂၈၈ မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများအားလုံးသည် ကျွန်ုပ်အမှုသည်၏ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ အဆိုပါမြေကွက်အားကျွန်ုပ်၏အမှုသည်မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ ပြုလုပ်နေပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှလှခိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၂)**
**လမ်း ၉၀၊ ၃၅ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၁၄၇၃၈၆**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းနိုင် I.T.C မိုးကောင်း၊ စက်မှုလက်မှုသင်တန်းကျောင်း(ငြိမ်း)
### အသက် (၆၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်နေ (ဦးဖေတင်-ဒေါ်မြမြအေး ) တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးအေးကို)-ဒေါ်ခင်မိမိလှိုင်တို့၏ညီ၊ (ဦးစောသီ ခို)-ဒေါက်တာဒေါ်အောင်အောင်ကြည်တို့၏အစ်ကို၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆လမ်း၊ အမှတ် ၅၃၊ ဒုတိယထပ်(ခြေရင်းခန်း)နေ မမေသွယ်ဦး၊ မသင်းသင်းနိုင်တို့၏ဖခင်၊ ဒေါ်ခင်အေးအေးထွန်း၏ ချစ်လှစွာသော ခင်ပွန်း သည် ၂၉-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၃း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂- ၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ဦးလှရွှေ အသက် (၅၄)နှစ်
### (၂-၁၂-၂၀၁၂)

မိသားစုနဲ့ ခွဲခွာသွားခဲ့တာ (၂-၁၂-၂၀၁၄)ဒီနေ့ဆိုရင် (၂)နှစ်ပြည့်ခဲ့ပါပြီ။
ကျန်ခဲ့တဲ့သူတွေအနေနဲ့ တမ်းတနေဆဲ . .။ လွမ်းနေဆဲပါ . .။
ကောင်းမှုကိုသိုလ်အစုစုအတွက် ရေစက်ချအမျှပေးဝေပါတယ်။
ကိုလှရွှေ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ . .။
ကိုလှရွှေ အမျှ . . . အမျှ . . . အမျှ . . .။

**ကျန်ရစ်သူဇနီး ဒေါ်ဝါဝါဦး နှင့် သားသမီးများ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၃၃၂၅ Sym Bonus 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေနှင်းအိ ၉/မခန(နိုင်)၁၂၀၁၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၇၃၂၂၂ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအိတိုင်(ခ) မောင်မောင်ဝမ်း ၅/ကလတ (နိုင်) ၀၆၁၄၈၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၅၂၇၃၇ ယာဉ်လက်ဝယ်ရှိသူ ဦးရဲတင့် ၉/တသန(နိုင်)၀၅၂၈၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၂၅၉၃၂ Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်းလတ် ၉/မခန(နိုင်) ၁၄၇၈၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## (၁)လပြည့် ဆွမ်းကျွေးဖိတ်ကြားခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ
### ဗိုလ်ကြီးအေးချို(ငြိမ်း)၊ သူရဲကောင်းမှတ်တမ်းဝင်
### ဒုညွှန်ကြားရေးမှူး(DWIR)၊ တေဇ(၄) ကဝမြို့
### အသက်(၆၀)

ကွယ်လွန်သူ ဗိုလ်ကြီးအေးချို(ငြိမ်း)အား ရည်စူး၍ ၅-၁၂-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝင်း နေအိမ်တွင် တစ်လပြည့် ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း အဆင့်မြှင့်တင်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း အဆင့်မြှင့်တင်နေမှုကို တွေ့ရစဉ်။

**ကျိုင်းတုံ ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၌ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းသည် ၇၃ မိုင် ရှည်လျားပြီး မိုးရာသီ၌ သွားလာရေးခက်ခဲသော လမ်းပိုင်းတစ်ခုဖြစ်သည်။

ဒေသခံတိုင်းရင်းသားပြည်သူများ ရာသီမရွေး သွားလာနိုင်ရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးက စီမံချက်များ ရေးဆွဲ၍ အဆိုပါလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၁၁ မိုင် ၆ ဖာလုံခင်းခြင်း၊ ကွန်ကရစ်တံတားငါးစင်း တည်ဆောက်ခြင်း၊ မြေထိန်းနံရံနှင့် ကျောက်စီရေမြောင်း တည်ဆောက်ခြင်း၊ လမ်းသားချဲ့ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါလမ်းကြောင်းပေါ်တွင် အရှည်ပေ ၁၆၀ ရှိသော နမ့်လွေ

စာမျက်နှာ ၉ ကော်လံ ၂ ❒

## လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

## ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

### ယနေ့ မာတိကာ


ပြန်ပေးဆွဲခံရသော ဗိုလ်ချုပ်ကြီးအား ကိုလံဘီယာ သူပုန်များပြန်လွှတ် စာ » ၄

ခရစ္စမတ်မတိုင်မီ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (မူကြမ်း) ဆွေးနွေးမှု ပြန်လည်စတင်နိုင်ရန် ညှိနှိုင်းမှုများပြုလုပ် စာ » ၅

စပိန်ဘုရင့်ဖလား ၃၂ သင်း ရှုံးထွက်အဆင့် ပွဲစဉ်တွေလာပြီ စာ » ၁၃


## လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း

စာ » ၁၅၊ ၁၆၊ ၁၇၊

## အာရှတိုက်၏နလုံးသားဂီတအမည်ရ နိုင်ငံပေါင်းစုံ စုစည်းမှု ရိုးရာဂီတ မြန်မာ-ဂျပန် ဆက်ဆံရေး နှစ်(၆၀)ပြည့်ပွဲတော် ပိတ်ပွဲအဖြစ် အခမ်းဖျော်ဖြေမည်

သတင်း ခင်ရတနာ

**ရန်ကုန် ဒီဇင်ဘာ ၁**

လူမျိုးတိုင်း နိုင်ငံတိုင်းတွင် မတူကွဲပြားသည့် ယဉ်ကျေးမှု၊ ဓလေ့စရိုက်နှင့်ဘာသာစကားစသည်ဖြင့် ရပ်တည်မှုပုံစံအမျိုးမျိုးရှိကြသည်။ သို့သော်လည်း ကမ္ဘာလုံးဆိုင်ရာ တူညီသည့် ယဉ်ကျေးမှုအခြေခံစရိုက်များတွင် အနုပညာသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ထိုအထဲမှ ဂီတသည် လူမျိုးတိုင်း၊ နိုင်ငံတိုင်း၊ ဘာသာစကားတိုင်းတွင် သက်ရောက်ခြင်းအားဖြင့် တူညီသောနှလုံးသားမှ တေးသံကို ဖော်ကျူးနိုင်သည်ဟု ဂီတပညာရှင်များက ဖော်ကျူးကြသည်။

မြန်မာ-ဂျပန် ဆက်ဆံရေး နှစ် (၆၀)ပြည့် ပွဲတော်များကို ၂၀၁၄ ခုနှစ် တစ်လျှောက်လုံး မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၌ ပွဲပေါင်း ၁၀၆ ပွဲ ကျင်းပကာ သက်သေထူ ဂုဏ်ပြုလျက်ရှိရာ နှစ်နိုင်ငံဆက်ဆံရေး နှစ် (၆၀)ပြည့်ပွဲတော် ပိတ်ပွဲအဖြစ် ဒီဇင်ဘာ ၁၂ ရက် ည ၇ နာရီ၌ ရန်ကုန်မြို့ အမျိုးသားပြဇာတ်ရုံတွင် မြန်မာနှင့် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ရိုးရာဂီတပညာရှင်များ စုပေါင်းကာ နိုင်ငံပေါင်းစုံ ရိုးရာဂီတသံစုံတီးဝိုင်း တင်ဆက်မှုကို အခမ်းပြသသွားမည်ဖြစ်ကြောင်းသိရသည်။

"မြန်မာ-ဂျပန် ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ်ပွဲတော်နှစ် နောက်ဆုံးဖျော်ဖြေပွဲဖြစ်ပါတယ်။ ထူးခြားတာက ဂျပန်နိုင်ငံက ရိုးရာဂီတပညာရှင် ရှစ်ဦး၊ မြန်မာ့ရိုးရာဂီတပညာရှင် ငါးဦးနဲ့ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနဲ့ ဘရူနိုင်းတို့က ရိုးရာဂီတပညာရှင် နှစ်ဦးစီ စုစုပေါင်း ၂၃ ဦးက ဂီတတူရိယာတွေ အားလုံးတပျော်တပါးတီးမှုတ်ပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ ■

## MNL ချာရတီဖလားပြိုင်ပွဲ ဇန်နဝါရီ ၃ ရက်တွင်ကျင်းပမည်

သတင်း ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၅ ရာသီ MNL ပြိုင်ပွဲကို ဇန်နဝါရီလ ဒုတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ရာသီသစ်မစမီ MNL ချာရတီဖလားပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ အမှတ်ပေး ချန်ပီယံအသင်းနှင့် ရှုံးထွက်ချန်ပီယံအသင်းတို့ကို ရာသီသစ်မစမီ ရန်ပုံငွေအဖြစ် ယှဉ်ပြိုင်ကစားစေသည့် ပြိုင်ပွဲလည်းဖြစ်သည်။

၂၀၁၅ ရာသီ MNLချာရတီဖလားပြိုင်ပွဲကို ဇန်နဝါရီ ၃ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၁၄ရာသီ MNL အမှတ်ပေးချန်ပီယံရတနာပုံအသင်းနှင့် ရှုံးထွက်ချန်ပီယံ ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ရတနာပုံအသင်းမှာ ယင်းပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ဧရာဝတီအသင်းမှာ တတိယအကြိမ် ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။ MNL ချာရတီဖလားပြိုင်ပွဲကို

စာမျက်နှာ ၉ ကော်လံ ၂ ❖









နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

